ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 7 August 2023 ၁၁၁၈၀

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့** ဖတ်စရာ

### ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

စာမျက်နှာ » ၄



### နိုင်ဂျာနိုင်ငံဖြစ်စဉ်အကြောင်း တစေ့တစောင်းနဲ့ ဆက်စပ်စဉ်းစားမိသမျှ . . .

ဆောင်းပါး စာမျက်နှာ » ၆

### ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ နောက်ဆုံးနေ့ ပါဝင်ဆင်နွှဲသူ အများပြည်သူတို့ဖြင့် စည်ကားသက်ဝင်

စာမျက်နှာ » ၈

# မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေရာသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိသည့် မြဝတီမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ ကြခတ်တောဘုန်းတော်ကြီးကျောင်း၊ စနေဆွမ်းလောင်းဓမ္မာရုံ၊ ခိဋ္ဌာန်အောင်ဓမ္မာရုံနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





# ပွင့်ဖြူမြို့နယ်၌ ချည်မျှင်ရှည်ဝါ ဧက ၅၀၀၀ လျာထား စိုက်ပျိုး

ပွင့်ဖြူ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ဧက ၅၀၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့အထိ ချည်မျှင်ရှည်ဝါ ၁၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ ဝါစိုက်ပျိုးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇွန်လဆန်းပိုင်းကစပြီး ကြိုးပမ်းစိုက်ပျိုးခဲ့ကြသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချည်မျှင်ရှည်ဝါကို တစ်မြို့နယ်လုံး ဧက ၅၀၀၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပြီး ယနေ့အထိ ၁၈၇၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူတွေ ဝါသီးနှံစိုက်ပျိုးရာမှာ သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် အဓိက လုပ်ဆောင်ရမယ့် စိုက်ပျိုးနည်းစနစ်တွေ၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

ကြေးမုံ

# စီးပွားရေးလုပ်ငန်းများအောင်မြင် လူမှုစီးပွားဘဝမြင့်မားတိုးတက်

၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဩဂုတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ဖွင့်လှစ်ပြသရောင်းချခဲ့ရာ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် စိတ်ဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြပြီး ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ယူအားပေးခဲ့ကြသည်။

ဈေးရောင်းပွဲတော်နှင့် ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းများ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)ထုတ်ကုန်များကို ခင်းကျင်းပြသရောင်းချခဲ့ကြပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ နည်းပညာပြခန်းများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများမှ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ပြခန်းများ၊ အခြားအသင်းအဖွဲ့များမှ ပြခန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပြခန်းများကို ခင်းကျင်းပြသခဲ့ကြရာ ပြည်သူများ စိတ်ဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် လက်လီရောင်းချသူများအသင်းမှ ဆန်အမျိုးမျိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးဆီများကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ရာ လေ့လာသူ၊ ဈေးဝယ်သူများဖြင့် စည်ကားများပြားခဲ့သည်။ ဤသို့ ကုန်ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ တစ်သားတည်းသဟဇာတဖြစ်စွာ အဆင်ပြေချောမွေ့သည့် ဈေးရောင်းပွဲ၊ ပြပွဲအခင်းအကျင်းမှသည် ပြည်သူများ လူမှုစီးပွားအဆင်ပြေလာသည်အထိ ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် ဒုတိယအချက်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်"ဟူသည့်အချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပမှ သွင်းကုန်များကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်စေရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွက် သေချာခိုင်မာသည့် စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးဘက်စုံတိုးတက်မှုများ ရရှိလာစေရန်အတွက် စီးပွားရေးဦးတည်ချက်၊ ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည့် စီးပွားရေးအခြေအနေမှ ရုန်းထွက်လာနိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ့ဂျီဒီပီတိုးတက်မှု ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့ဂျီဒီပီ ၄ ရာခိုင်နှုန်းခန့်အထိ တိုးတက်မည်ဟု မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိစေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထုတ်ကုန်ပစ္စည်းများတိုးတက်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို တီထွင်ဆန်းသစ်မှုနှင့် သုတေသနပြုမှုများကို ကဏ္ဍအလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံ့စီးပွားတိုးတက်လာမှုများနှင့်အတူ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဓိကမှာ ပြည်တွင်းစားသုံးသူပြည်သူများ လက်ခံနှစ်သက်စိတ်ဝင်စားလာရေးသည် အရေးကြီးသည်။ သို့မှသာ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များကို ပိုမိုဝယ်ယူအားပေးလာကြမည်ဖြစ်သည်။ ယခုကျင်းပပြုလုပ်ခဲ့သော မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲနှင့်ပတ်သက်၍ ပြည်ပသွင်းကုန်ပစ္စည်းများကို စိတ်ဝင်စားကြသလို ပြည်တွင်းထုတ်ကုန်များကိုလည်း လက်ခံနှစ်သက်အားပေးခဲ့ကြခြင်းသည် နိုင်ငံ့စီးပွားတိုးတက်ရေးကို တွန်းအားပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်၊ စီးပွားရေးမျှော်မှန်းချက်များနှင့်အညီ ပြည်တွင်းထုတ်ကုန်များ မြင့်မားတိုးတက်အောင်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပြီဖြစ်၍ ရည်မှန်းထားသည့် မျှော်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာအောင်ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများအပြင် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းသည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင်လည်း ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်း၊ ကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများနှင့် လှူဖွယ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိကြာကန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိဥက္ကံသာရာမရွှေကျောင်း ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ဇမ္ဗျားကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိစန္ဒိမာရာမကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇလဲကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ စိတ္တသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက်တာဝန်ရှိသူများကသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# မိုင်းယောင်းမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဩဂုတ် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝပ်တပ်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်း၊ တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများသည် ဝမ်မိုင်ကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အရှည် နှစ်မိုင် နှစ်ဖာလုံ၊ စိမ့်စမ်းရေသွယ်ယူခြင်း၊ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်မိုင်ကျေးရွာတွင် အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် PPP ကုမ္ပဏီက ဇူလိုင်လပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၃၂၇ ဦးတို့အတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

** JJJ**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မာရဝိဇယကျောက်စာရုံစေတီတော်များကို အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာစာတွင် ကျောက်စာရုံစေတီအဆူ ၇၂၀ ကို စနစ်တကျ တည်ဆောက်ထားရှိပါသည်။ ကျောက်စာရုံစေတီ တစ်ဆူချင်း၏ အတွင်းတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသော ကျောက်စာနှစ်ချပ်စီအား လေ့လာဖတ်ရှုနိုင်စေရေး ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရေးထိုးပူဇော်ထားရှိပါသည်။



ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြား အရပ်ဘက်ကျွမ်းကျင်ပညာရှင်များက ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြု၍ စနစ်တကျ တည်ဆောက်ခဲ့သည့်အတွက် ကျောက်စာရုံစေတီအဆူ ၇၂၀ အား ရှုထောင့်ပေါင်းစုံမှ သပ္ပာယ်စွာဖြင့် ယခုလိုကြည်နူးစွာ ဖူးမြော်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ၁၆ ရက်နေ့အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက် ဖူးမြော်ချိန်၌ ကျောက်စာရုံ စေတီတော်များ၏ တရားတော်များနှင့် ဗိသုကာလက်ရာ၊ အင်ဂျင်နီယာပညာရပ်များကို ဖူးမြော်လေ့လာနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ် ချစ်ကြည်ရေးအားကစားဖလှယ်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

ဟန်ကျိုးအာရှအားကစားပြိုင်ပွဲကို ကြိုဆိုခြင်းအထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေးအားကစားဖလှယ်ခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် သံရုံးမိသားစုဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



**ကူညီဆောင်ရွက်ပေးမည်ဟုယုံကြည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဘောလုံး၊ ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ မြားပစ်၊ E-Sport ခုနစ်နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းတို့အနက် ဘောလုံး၊ လှေလှော်၊ ဝူရှူးအားကစားအဖွဲ့ သုံးဖွဲ့အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အလှူငွေပေးအပ်ခြင်းနှင့် ချစ်ကြည်ရေးအားကစားဖလှယ်ပွဲ ကျင်းပပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နှစ်ရှည်ပူးတွဲလေ့ကျင့်ခွင့်ရရှိရေး၊ နည်းပြများစေလွှတ်ပေးခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်ပူးတွဲလေ့ကျင့်ပေးခြင်း၊ အားကစားနည်းအလိုက် လိုအပ်လျက်ရှိသော ခေတ်မီအားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆက်လက်ကူညီဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံသံအမတ်ကြီးက မကြာမီ ဟန်ကျိုးမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးတွင် အာရှတိုက်ရှိ နိုင်ငံပေါင်းစုံ အားကစားသမား ၁၉၀၀၀ ကျော်က ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ တိုးတက်ရေးဆိုသည့် အာရှအားကစားသံစဉ်ကို အတူဖော်ဆောင်သွားကြမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန် အားကစားကူးလူး ဖလှယ်မှုများကို အတူတကွဖော်ဆောင်၍ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့သို့ အမေရိကန်ဒေါ်လာ ၂၈၀၅ ဒေါ်လာစီ ပေးအပ်လှူဒါန်းရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် သံရုံးမိသားစုဝင်များနှင့် တရုတ်နိုင်ငံတွင် Joint Training သွားရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများတွဲဖက်၍ သရုပ်ပြအစီအစဉ် ပြသကြသည်။

ဆက်လက်၍ သံရုံးမိသားစုဝင်များ၊ ဧည့်သည်တော်များနှင့် အားကစားသမားများပါဝင်သည့် ချစ်ကြည်ရေးလှေလှော်အားကစားပြိုင်ပွဲ ကျင်းပရာ ပထမပန်းဝင်လာသည့်အသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သို့ ရောက်ရှိပြီး အဖွဲ့ချုပ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ကျင်းပရေးကော်မတီက သတ်မှတ်သည့် ပြိုင်ပွဲအမျိုးအစားတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်းနှင့် အရှေ့တောင်အာရှ၊ အာရှရွက်လှေအဖွဲ့ချုပ်များနှင့် ဆက်သွယ်၍ မိမိအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❍ ရှေ့ဖုံးမှ**

လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ကမော့ကချူး Cyclone Shelter နှင့် မြို့မဂျာမေဗလီတို့သို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သဃ်န်းညီနောင်တပ်နယ်နှင့် လှိုင်းဘွဲ့တပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဘူးများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**❖ ပွင့်ဖြူမြို့နယ်မှ**

သီးနှံပိုးမွှားရောဂါမကျရောက်အောင်ကြိုတင်ကာကွယ်ရမယ့်နည်းလမ်းတွေ၊ စိုက်ပျိုးရေးသွင်းအားစု စနစ်တကျသုံးစွဲနည်းတွေ၊ စိုက်ပျိုးရေးအတွက် ကုန်ကျစရိတ်သက်သာစေမယ့် ကိုယ်တိုင်သဘာဝမြေဩဇာနဲ့ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းစနစ်တွေ စတဲ့စိုက်ပျိုးရေးနည်းပညာတွေကို အနီးကပ်ကြီးကြပ်ပြီးတော့ တောင်သူအသိပညာပေးခြင်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါသီးနှံမျိုးများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ကျန်းမာရေးဝန်ကြီးဌာန

**"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| **ပထမပတ်** | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| **ဒုတိယပတ်** | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **တတိယပတ်** | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **စတုတ္ထပတ်** | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၅၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၈-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၅၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၅၃,၄၄၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၉၀) ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၈၀) ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသောဆေးကုသမှုစရိတ်လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ(Super Specialty)လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကုသမှုများရရှိနိုင်စေရေးရည်ရွယ်ကာ ရန်ကုန်/မန္တလေးမှအထူးကုဆေးကုသရေးအဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်များသို့ စေလွှတ်၍ ကွင်းဆင်းကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

**ဆေးကုသမှုများဆောင်ရွက်ပေး**

ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးတို့မှ နှလုံးရောဂါဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါ ပညာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့်အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ သွားရောက်၍ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး-တောင်ကြီးမြို့တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် တောင်ကြီးမြို့ပေါ်သာမက ရှမ်းပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်များမှလည်း လာရောက်ပြသနိုင်ရန် မြို့နယ်အလိုက် ဆေးရုံ/ကျန်းမာရေးဌာနများမှတစ်ဆင့် ပြည်သူလူထုကိုအသိပေးကာ ပြသရန်လိုအပ်မည့်လူနာများကို ကြိုတင်ကွင်းဆင်းရှာဖွေခြင်းများ စနစ်တကျကြိုတင်ဆောင်ရွက်ခဲ့ခြင်းကြောင့် မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ လာရောက်ပြသခဲ့ကြသည်။

ခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ ၈၁ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၄၇ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာ ၇၃ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ကုသမှုဆိုင်ရာ ခြောက်ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၁၃၂ ဦး၊ သွေးရောဂါဆိုင်ရာ ၂၇ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၀၂ ဦး၊ မျက်စိရောဂါလူနာ ခြောက်ဦး၊ သားဖွားမီးယပ်လူနာ လေးဦး၊ အရိုးရောဂါလူနာ ၂၆ ဦး၊ ခွဲစိတ်လူနာ ၂၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ သုံးဦး၊ သွားနှင့် ခံတွင်းလူနာ တစ်ဦး၊ အရေပြားလူနာ လေးဦး၊ ကလေးလူနာ ရှစ်ဦး စုစုပေါင်း လူနာ ၅၄၉ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း ၄၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း ၁၀ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း တစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၀၃ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၂၃၉ ဦး၊ သွေးချိုဓာတ်တိုင်းတာခြင်း ၁၁၅ ဦး၊ Ultrasound ရိုက်ကူးခြင်း ၇၄ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း ဦးရေ ၃၀၀၊ ဆီးချိုကြောင့် မျက်စိထိခိုက်မှု ရှိ/ မရှိစစ်ဆေးခြင်း ဦးရေ ၂၀၊ ဆီးချိုကြောင့် ခြေထောက်အာရုံကြောထိခိုက်မှု ရှိ/မရှိ စစ်ဆေးခြင်း ဦးရေ ၂၀ တို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး အဖွဲ့ခေါင်းဆောင် ဆီးချိုနှင့် ဟော်မုန်းဆေးပညာ ပါမောက္ခ ဒေါက်တာကိုကိုက လာရောက်ပြသသူ ဒေသခံပြည်သူများနှင့် ဆရာဝန်၊ သူနာပြုများအား ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့သည်။

**လွှဲပြောင်းကုသ**

ထို့ပြင် ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ တစ်ဦးကို ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ နှလုံးရောဂါ ဆက်လက်ဆေးကုသရန် လိုအပ်သော လူနာ တစ်ဦးကို မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီးနှင့် နှလုံးရောဂါခွဲစိတ်ရန် လိုအပ်သော လူနာတစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း လွှဲပြောင်းကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကာ အထူးကုဆရာဝန်ကြီးများထံ လာရောက်ပြသ ကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး အထူးကု ဆရာဝန်ကြီးများကို ကျေးဇူးတင်စကား ပြောကြားကာ နေ့လယ်စာ အတူသုံးဆောင်ပြီး အမှတ်တရ ဒေသထွက်လက်ဆောင်များ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း အလားတူ အစီအစဉ်များကို ရခိုင်ပြည်နယ်သို့ နှစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးသို့ တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာနတွင် အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**သံတွဲ ဩဂုတ် ၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Women Club တို့ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအား အခမ်းအနားမှူးတစ်ယောက်တွင် ရှိရမည့် အရည်အချင်းများ၊ စကားလုံးအထားအသိုနှင့် အသုံးအနှုန်းများကိုသိရှိကာ အရည်အသွေးပြည့်ဝသော အခမ်းအနားမှူးများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

စစ်တွေ ဩဂုတ် ၆

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကုတ်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် ကင်းတောင်ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့်ပူးပေါင်းပြီး တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရေးအတွက် အထွက်နှုန်းကောင်းသည့် ဆင်းသုခ မျိုးစပါးများအား စံပြစိုက်ကွက် စိုက်ပျိုးသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမူးမော်တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြား၍ ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအီမြို့ သဒ္ဒန်ကျေးရွာ၌ တောင်သူဦးမောင်တင်ဝေ၏ လယ်ခုနစ်ဧက၌ ဆင်းသုခစပါးမျိုးမျိုးစေ့ထုတ်စိုက်ခင်း ငါးဧကနှင့် မျိုးစေ့ချကိရိယာ စံပြစိုက်ခင်း နှစ်ဧက စိုက်ပျိုးထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ တောင်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအီမြို့ သဒ္ဒန်ကျေးရွာအုပ်စု စံကောပြင်ကွင်း၌ မွေးမြူရေးလုပ်ငန်းရှင် ဦးစိုးကျော်လင်း၏ ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးကြရာ မွေးမြူရေးလုပ်ငန်းရှင်က ဥစားကြက်များမွေးမြူထားရှိမှု၊ ကြက်ဥများထွက်ရှိ ရောင်းချနေမှုနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံထားသည့် ပြည်နယ်တစ်ခုဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်သူလူထုများကပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့်ထိတွေ့ကာ ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒကို နားထောင်ပြီး မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့မိ၊ မြို့ဖများက မြို့အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သာယာဝတီခရိုင်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

သာယာဝတီ ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ရုံး တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်၌ အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မှာယူထားသည့် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု တောင်သူဦးရဲနိုင်၏ လယ်မြေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မှာယူထားသည့် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် ရွှေနံ့သာပေါ်ဆန်း စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး တန်ဖိုးမြင့်ဆန်များ တိုးချဲ့စိုက်ပျိုးရန်၊ ရာသီမရွေး အထွက်နှုန်းကောင်းသော ရွှေနံ့သာပေါ်ဆန်း စိုက်ပျိုးနိုင်ရေး အသိပညာပေးရန်နှင့် ပိုက်ဆံလျှော် စိုက်ပျိုးဧကမြို့နယ်အလိုက် လျာထားချက်ပြည့်မီရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှု သရုပ်ပြပွဲသို့ လာရောက်လေ့လာသည့် သာယာဝတီမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် ကြို့ပင်ကောက် မြို့နယ်တို့မှ ဒေသခံတောင်သူများနှင့်တွေ့ဆုံခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်အသုံးပြုပုံနှင့် ပျိုးထောင်မှုလုပ်ငန်းစဉ်များ၏ အသိပညာပေးဗွီဒီယိုမှတ်တမ်းဖြင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက ရှင်းလင်းပြောကြားသည်။



ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်းကျေးရွာအုပ်စု တောင်သူဦးစိုးမြင့်၏ ရက် ၉၀ မိုးစပါး မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ပေါင်းစပ်ကြဲပတ်ခြင်းနှင့် တမန်းနိုးခြင်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများအား Contract Farming စနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ရန်၊ နှစ်အလိုက် စနစ်တကျလယ်ယာမြေများ ဖော်ထုတ်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရန်နှင့် တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးပညာပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု ထွန်တုံးပိတ်ပွဲအခမ်းအနား ကျင်းပ

ဇလွန် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဖက်သောင်ကျေးရွာ ကွင်းအမှတ်(၁၈၄၂/ခ)၊ ဦးပိုင်အမှတ်(၅၄/၂)ရှိတောင်သူဦးရွှေထူး၏ လယ်မြေ ၁၀ ဧကတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှု ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

**ကြည့်ရှုအားပေး**

ထွန်တုံးပိတ်ပွဲသို့ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ပြီး ဇလွန်မြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးစပါး ၇၂၃၇၂ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**



# လှိုင်းဘွဲ့မြို့နယ်၌ ရေဘေးကျရောက်သော အိမ်ထောင်စု ၅၀ စုအား စားရေရိက္ခာများ ထောက်ပံ့ပေးအပ်

လှိုင်းဘွဲ့ ဩဂုတ် ၆

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေ စီးဆင်းလာမှုနှင့် လှိုင်းဘွဲ့ချောင်းရေမြင့်တက်လာမှုတို့ကြောင့် ရေဘေးကျရောက်သော အိမ်ထောင်စုများ အနေဖြင့် ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ပေးလျက်ရှိရာ ပြောင်းရွှေ့နေထိုင်ခြင်းမရှိသော နွမ်းပါးအိမ်ထောင်စုများ အနေဖြင့် အဆင်ပြေစေရန်အတွက် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ကူညီမဲ့တွဲလက်များအဖွဲ့တို့က စားရေရိက္ခာများ လိုက်လံထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတပ်ကြပ်မှူး ဒေါ်အေးအေးဖြူနှင့် တပ်ဖွဲ့ဝင်များ၊ ကူညီမဲ့တွဲလက်များ(Mytel) အဖွဲ့ဝင်များက လှိုင်းဘွဲ့မြို့(ခ)ရပ်ကွက်နှင့် ထန်းတောကျေးရွာတို့တွင် ရေဘေးကျရောက်သော နွမ်းပါးအိမ်ထောင်စု ၅၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်သုံးပြည်၊ ကြက်သွန်နီ တစ်ပိဿာ၊ ဆီ၊ ဆား၊ အချိုမှုန့် တို့ကို လိုက်လံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

# နိုင်ဂျာနိုင်ငံဖြစ်စဉ်အကြောင်း တစေ့တစောင်းနဲ့ ဆက်စပ်စဉ်းစားမိသမျှ . . .

**ကိုပြည်ချစ်**

**၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တွေမှာ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းဟာ အတော်လေးလှုပ်ယမ်းမှုတွေဖြစ်ပါတယ်။ ရုရှား-ယူကရိန်း ပဋိပက္ခဟာ ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးသတင်းတွေမှာ နေရာအတော်များများ ယူထားပါတယ်။ အခုနောက်ဆုံးဖြစ်ခဲ့တဲ့ နိုင်ဂျာနိုင်ငံဖြစ်စဉ်ကလည်း စိတ်ဝင်စားစရာ ကမ္ဘာ့သတင်းအဖြစ် နေရာယူလာပါတယ်။ သာမန်ကြည့်လိုက်ရင် နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူလိုက်တယ်ဆိုပေမယ့် နောက်ကွယ်မှာ အကြောင်းတရားတွေ များစွာရှိနေနိုင်ပါတယ်။**

နိုင်ဂျာနိုင်ငံဆိုတာ အနောက်အာဖရိကမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံလေးတစ်နိုင်ငံ ဖြစ်ပါတယ်။ အရှေ့မြောက်ဘက်မှာ လစ်ဗျားနိုင်ငံ၊ အရှေ့ဘက်မှာ ချဒ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်မှာ နိုင်ဂျီးရီးယားနိုင်ငံ၊ အနောက်တောင်ဘက်မှာ ဘာကီနာဖာဆိုနဲ့ ဘီနင်နိုင်ငံ၊ အနောက်ဘက်မှာ မာလီနိုင်ငံ၊ အနောက်မြောက်ဘက်မှာ အယ်ဂျီးရီးယားနိုင်ငံတို့ ရှိနေကြပါတယ်။ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဘဏ်က ထုတ်ပြန်တဲ့စာရင်းအရ လူဦးရေ ၂၅ သန်းကျော် ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအချို့လည်း လုပ်ကိုင်ကြပါတယ်။



နိုင်ဂျာနိုင်ငံ၌ တပ်မတော်အာဏာသိမ်းမှုကို ထောက်ခံချီတက်ဆန္ဒပြသူများ မြို့တော်နီယာမေရှိ ပြင်သစ်သံရုံးရှေ့၌ ဇူလိုင် ၃၁ ရက်က စုဝေးဆန္ဒပြစဉ်။



အမိမြေကာကွယ်ရေး အမျိုးသားကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အဗ္ဗဒူဟာမန်တီချနီ။

**နိုင်ငံရေးအပြောင်းအလဲတစ်ခု**

နိုင်ဂျာနိုင်ငံမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှာတော့ နိုင်ငံရေးအပြောင်းအလဲတစ်ခုဖြစ်သွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး အဗ္ဗဒူဟာမန်တီချနီ ဦးဆောင်တဲ့ နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်ပါတယ်။ လုံခြုံရေးအခြေအနေ ယိုယွင်းလာတာနဲ့ လူမှုစီးပွားချို့ယွင်းလာတာတွေကို ကာကွယ်ဖို့အတွက် နိုင်ငံတော်အာဏာကို ရယူခဲ့တာဖြစ်တယ်လို့ နိုင်ငံပိုင်ရုပ်သံကနေ ကြေညာခဲ့ပါတယ်။ သူကိုယ်တိုင်လည်း နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အမျိုးသားကောင်စီရဲ့ ဥက္ကဋ္ဌတာဝန်ကိုယူထားကြောင်း သတင်းတွေကဆိုပါတယ်။ နိုင်ဂျာနိုင်ငံဟာ နိုင်ငံတောင်ပိုင်းမှာ အစ္စလာမ်စစ်သွေးကြွတွေရဲ့ ပုန်ကန်မှုနဲ့ နိုင်ငံတစ်ဝန်းရှိ ပြည်သူတွေဟာလည်း ကုန်ဈေးနှုန်းကြီးမြင့်လာမှုဒဏ်ကို ခံစားနေကြရတယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

နိုင်ဂျာအပါအဝင် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မာလီနဲ့ ဘာကီနာဖာဆို နိုင်ငံသုံးနိုင်ငံတို့ဟာ ကိုလိုနီအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တဲ့ ပြင်သစ်နိုင်ငံရဲ့ ကိုလိုနီနိုင်ငံတွေ ဖြစ်ခဲ့ကြပါတယ်။ အခုလို နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူလိုက်တာနဲ့ပတ်သက်လို့ ကန့်ကွက်သူတွေ ရှိသလို ထောက်ခံသူတွေလည်း ရှိပါတယ်။ ထောက်ခံတဲ့ပြည်သူတွေဟာ အရင်က နိုင်ဂျာနိုင်ငံကို ကိုလိုနီပြုအုပ်ချုပ်ခဲ့တဲ့ ပြင်သစ်နိုင်ငံကို ဆန့်ကျင်ဆန္ဒပြဖို့ မြို့တော် Niamey မှာ စုဝေးခဲ့ကြတာတွေ၊ တချို့က ရုရှားအလံတွေကို ဝှေ့ယမ်းကိုင်ဆောင်ခဲ့ကြတာမျိုးတွေ ရှိခဲ့ပါတယ်။ နိုင်ဂျာနဲ့ အရင်က ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ အနောက်အာဖရိကနိုင်ငံအချို့က ပြည်သူတွေမှာ ပြင်သစ်အပေါ် မုန်းတီးစိတ်တွေ အမြစ်တွယ်နေပါတယ်။

နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာ ရယူခဲ့တာနဲ့ပတ်သက်လို့ ရုရှားကြေးစားတပ်ဖွဲ့ ဝက်ဂနာခေါင်းဆောင် ပရီဂိုဇင်ကတော့ နိုင်ဂျာမှာ ဖြစ်ပျက်ခဲ့တာတွေက ကိုလိုနီနယ်ချဲ့သမားတွေနဲ့ နိုင်ဂျာပြည်သူတွေရဲ့ တိုက်ပွဲကလွဲလို့ တခြားဘာမှ မဟုတ်ပါဘူး၊ ဒါဟာ လွတ်လပ်ရေးရယူနိုင်ခဲ့တာဖြစ်ပြီးတော့ ကိုလိုနီနယ်ချဲ့သမားတွေကို ဖယ်ရှားလိုက်နိုင်တာဖြစ်တယ်လို့ သူ့ရဲ့ တယ်လီဂရမ်ကနေ တစ်ဆင့် သတင်းစကားပါးခဲ့တယ်လို့လည်း သတင်းတွေမှာ ဖတ်ရပါတယ်။

နိုင်ဂျာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်ပေမယ့် ကမ္ဘာမှာ အကြီးဆုံးယူရေနီယံသိုက် တချို့ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာမှ ကိုလိုနီအုပ်စိုးသူဟောင်း ပြင်သစ်ထံကနေ အပြည့်အဝ လွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံဟာ အရင်က ကိုလိုနီဟောင်းနိုင်ငံတွေအပေါ် နိုင်ငံရေးအရရော စီးပွားရေးအရပါ ဩဇာလွှမ်းမိုးမှုတွေ ဆက်ရှိနေပါသေးတယ်။

နိုင်ဂျာတပ်မတော်က အခုလို နိုင်ငံတော်အာဏာ ရယူလိုက်တာနဲ့ပတ်သက်လို့ နိုင်ဂျာကနေ ဥရောပကို ယူရေနီယံတင်ပို့နေမှုတွေအပေါ် အတားအဆီးဖြစ်စေနိုင်ပြီး ပြင်သစ်နဲ့ အခြားနိုင်ငံတွေမှာ နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုကို ထိခိုက်စေနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာပါတယ်။ နိုင်ဂျာရဲ့ ပထမဆုံးစီးပွားဖြစ် ယူရေနီယံသတ္တုထုတ်လုပ်မှုကို ၁၉၇၁ ခုနှစ်မှာ စတင်လည်ပတ်ခဲ့တာဖြစ်ပါတယ်။ နိုင်ဂျာမှာ ကမ္ဘာ့သတ္တုမိုင်းရဲ့ ငါးရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်တဲ့ ထင်ရှားတဲ့ ယူရေနီယံမိုင်းတွင်း နှစ်ခု ရှိပါတယ်။ ပြင်သစ်နိုင်ငံဟာ သူ့နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ၇၀ ရာခိုင်နှုန်းခန့်ကို နျူကလီးယားစွမ်းအင်ကနေ ရရှိနေတာဖြစ်ပါတယ်။ အခြားနိုင်ငံတွေထက် နျူကလီးယားအသုံးပြုမှု ပိုမိုများပြားပြီး ကမ္ဘာ့အကြီးဆုံး နျူကလီးယားစွမ်းအင် အသားတင်တင်ပို့တဲ့နိုင်ငံလည်း ဖြစ်နေပြန်ပါတယ်။ အဲဒီလို တင်ပို့မှုကနေ တစ်နှစ်ကို ယူရို သုံးဘီလီယံကျော် ရရှိနေပါတယ်။ နိုင်ဂျာဟာ ပြင်သစ်ရဲ့နျူကလီးယားဓာတ်အားပေးစက်ရုံတွေအတွက် လိုအပ်နေတဲ့ ယူရေနီယံကို ထောက်ပံ့ပေးနေတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

**နည်းမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံနဲ့ ထိုးဖောက်ဝင်ရောက်**

ဒီနေရာမှာ နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာရယူလိုက်တာကို မှန်တယ်၊ မှားတယ်ဆိုတာကို အဓိက မဆွေးနွေးလိုပါဘူး။ ဒါပေမဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေဆီမှာ အမှန်တကယ် ရှိနေရဲ့လားဆိုတာကို နိုင်ဂျာနိုင်ငံဖြစ်စဉ်နဲ့ မြန်မာနိုင်ငံရေးဖြစ်စဉ်တွေထဲက တချို့အကြောင်းအရာလေးတွေကို ဆက်စပ်စဉ်းစားစရာဖြစ်လာပါတယ်။ ကိုလိုနီပြုခဲ့ဖူးတဲ့နိုင်ငံတွေဟာ သူတို့ရဲ့ လက်အောက်ခံနိုင်ငံတွေကို မတတ်သာလို့ စွန့်လွှတ်ရပေမယ့် သူတို့အကျိုးစီးပွားအတွက် ဆက်ပြီးအသုံးတော်ခံနိုင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားနေကြတာ တွေ့ရပါတယ်။ ဒီနေ့ အင်အားကြီးနိုင်ငံအချို့ဟာလည်း သူတို့အကျိုးစီးပွားအတွက် နိုင်ငံငယ်တွေရဲ့အတွင်းစည်းထဲကို နည်းမျိုးစုံ၊ ပုံသဏ္ဌာန်မျိုးစုံနဲ့ ထိုးဖောက်ဝင်ရောက်ပြီး လိုသလို ပုံသွင်းနေကြတာတွေဟာ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားတွေ့နေရပါတယ်။

နိုင်ဂျာတပ်မတော်က နိုင်ငံတော်အာဏာရယူလိုက်ချိန်မှာ ပြည်သူတချို့ဟာ ပြင်သစ်သံရုံးဆီ အပြေးအလွှားသွားပြီး ဆန္ဒဖော်ထုတ်ကြပါတယ်။ သူတို့ရဲ့ ပြင်သစ်မုန်းတီးရေးစိတ်တွေကို ဖွင့်ထုတ်ကြတယ်။ ပြင်သစ်က နိုင်ဂျာရဲ့အဆီအနှစ်တွေ ထုတ်ယူစားသုံးနေတာ ပြည်သူတွေ ကောင်းကောင်း သိနေကြတယ်။ မတတ်သာလို့ သည်းခံနေရပေမယ့် အခါအခွင့်ပေါ်လာတော့ သူတို့ဆန္ဒကို ဖော်ထုတ်ကြတာပါပဲ။ လွတ်လပ်တဲ့ နိုင်ဂျာနိုင်ငံလို့ဆိုပေမယ့် သူတို့အချုပ်အခြာအာဏာ သူတို့လက်ထဲမှာ မရှိတော့ဘူးလို့ခံစားနေကြရတယ်။ ကမ္ဘာ့အကြီးဆုံး ယူရေနီယံသိုက်ကြီးတချို့ရှိနေပေမယ့် သူတို့ဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲမှာ ပါနေပြန်တယ်။

နိုင်ဂျာရဲ့အတွင်းစည်းထဲကို ပြင်သစ်က ပုံစံအမျိုးမျိုးနဲ့ ဘယ်လိုစိမ့်ဝင်နေမလဲ အတိအကျ မသိနိုင်ပေမယ့် ခန့်မှန်းကြည့်လို့ရနိုင်ပါတယ်။ ဒါကြောင့်လည်း နိုင်ဂျာတပ်မတော်က လုံခြုံရေးယိုယွင်းလာမှုနဲ့ လူမှုစီးပွား ကျဆင်းလာမှုကို ကာကွယ်ဖို့ “to preserve our homeland in a context of a deteriorating security situation, and poor economic and social governance” အတွက် နိုင်ငံတော်အာဏာကို ရယူခဲ့ရတာလို့ အတိအလင်း ထုတ်ပြန်ထားပါတယ်။

**နိုင်ငံခြားသားအကြံပေး ၉၀ ကျော်ခန့်အပ်**

မြန်မာနိုင်ငံမှာလည်း ပြီးခဲ့တဲ့ အစိုးရလက်ထက်မှာ ဩစတြေးလျနိုင်ငံသား Sean Turnell ကို စီးပွားရေးအကြံပေးအဖြစ် ခန့်အပ်ခဲ့တာကို တွေ့ရပါတယ်။ အလွန်အရေးကြီးတဲ့ အချက်အလက်တွေကို သိခွင့်ရနေတဲ့နေရာလည်း ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က Sean Turnell အပါအဝင် နိုင်ငံခြားသားအကြံပေး ၉၀ ကျော် ခန့်အပ်ခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ဖတ်ခဲ့ရပါတယ်။ သူ့ရဲ့ အင်တာဗျူးတွေ ကြည့်မယ်ဆိုရင် သူဟာ စီးပွားရေးမူဝါဒဆိုင်ရာ မြန်မာအစိုးရအတိုင်ပင်ခံ၊ Myanmar Development Institute (MDI) အဖွဲ့ဝင်ဆိုပြီး ဖြေတာတွေ ဖတ်ရပါတယ်။ အတိုင်ပင်ခံပဲဖြစ်ဖြစ်၊ အကြံပေးပဲဖြစ်ဖြစ် သူဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးနယ်ပယ်မှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခွင့်ရခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပါဝင်ပတ်သက်သလိုမျိုး ဩစတြေးလျအစိုးရကတောင် သူ့ကို လက်ခံနိုင်မှာမဟုတ်ဘူးဆိုတဲ့ မြန်မာ့နိုင်ငံရေး လေ့လာသူတစ်ဦးရဲ့ မှတ်ချက်ကို နားထောင်ရဖူးပါတယ်။ Sean Turnell ပါဝင်တဲ့ Myanmar Development Institute (MDI) ဆိုတာ နိုင်ငံတကာ ဖွံ့ဖြိုးရေး အမေရိကန်အေဂျင်စီ(USAID)ကနေ ထောက်ပံ့ထားတဲ့အဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာ လွှမ်းမိုးထားတဲ့ကွန်ရက်ကြီးဟာ အတော်ကိုကြီးပါတယ်။ Sean Turnell ဟာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ အမြဲလိုလို အတူရှိနေတတ်သူ ဖြစ်ပါတယ်။ သူ့အနားမှာလည်း ဂျော့ဆိုးရော့စ်ရဲ့ Open Society နဲ့ National Endowment for Democracy (NED)ကလူတွေ ဝိုင်းရံနေကြပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာ့နိုင်ငံရေး ယန္တရားကို ထောင့်ပေါင်းစုံကနေ သွယ်ဝိုက်ပြီး ထိန်းချုပ်ထားတာမျိုးလို့တောင် ဆိုနိုင်ပါတယ်။ အဲဒီအချိန်က မြန်မာဆိုတာ ရှေ့မှာ မျက်နှာစာတစ်ခုသာရှိပြီးတော့ ကိုလိုနီပြုခံထားရတဲ့ အုပ်ချုပ်ရေးမျိုးဖြစ်နေတာမျိုးပါ။

စာမျက်နှာ ၇ သို့ ✳

**“မြန်မာနိုင်ငံမှာလည်း ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ ဩစတြေးလျနိုင်ငံသား Sean Turnell ကို စီးပွားရေးအကြံပေးအဖြစ် ခန့်အပ်ခဲ့တာကို တွေ့ရပါတယ်။ အလွန်အရေးကြီးတဲ့ အချက်အလက်တွေကို သိခွင့်ရနေတဲ့နေရာလည်းဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်က Sean Turnell အပါအဝင် နိုင်ငံခြားသားအကြံပေး ၉၀ ကျော် ခန့်အပ်ခဲ့တယ်ဆိုတဲ့ သတင်းတွေလည်း ဖတ်ခဲ့ရပါတယ်။ သူ့ရဲ့အင်တာဗျူးတွေ ကြည့်မယ်ဆိုရင် သူဟာ စီးပွားရေးမူဝါဒဆိုင်ရာ မြန်မာအစိုးရအတိုင်ပင်ခံ၊ Myanmar Development Institute (MDI) အဖွဲ့ဝင်ဆိုပြီး ဖြေတာတွေ ဖတ်ရပါတယ်။ အတိုင်ပင်ခံပဲဖြစ်ဖြစ်၊ အကြံပေးပဲဖြစ်ဖြစ် သူဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးနယ်ပယ်မှာ ထဲထဲဝင်ဝင်ပါဝင်ပတ်သက်ခွင့်ရခဲ့သူဖြစ်”**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများသို့ သွင်းအားစုမြေဩဇာအိတ်များ လွှဲပြောင်းပေးအပ်၊ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးတိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများသို့ သွင်းအားစု မြေဩဇာအိတ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးတိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် ညောင်ကုန်း ကျေးရွာအုပ်စု ကူဘိုတာကုမ္ပဏီပိုင် ဧက ၁၀၀ စိုက်ခင်း၌ ကျင်းပသည်။



### ရှင်းလင်းပြောကြား

ဦးစွာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အစုအဖွဲ့များသို့ ချေးငွေထုတ်ချေးထားမှု အခြေအနေကို လည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က သွင်းအားစုတန်ဖိုးငွေ ပေးချေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဆွေက စိုက်နည်းစနစ်များအား လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မြောင်းတကာ၊ ညောင်ကုန်း၊ ရွှေမြယာကုန်း၊ မြစ်ကျိုး၊ မြို့ချောင်း၊ အင်ကြင်းကုန်း၊ ဘန့်ဘွေးကုန်း၊ ယင်းတိုက်ပင်၊ ပေါက်ကုန်းကျေးရွာတို့မှတောင်သူများထံ သွင်းအားစု မြေဩဇာများ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ စပါးခွံ၊ ဖွဲပြာနှင့် ယူရီးယားရောစပ်သည့် ဖွဲပြာမြေဩဇာနှင့် ငါးအမိုင်နိုမြေဩဇာ ထုတ်လုပ်ခြင်းများကို ပညာရှင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေရယူထားသူ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ညောင်ကုန်းကျေးရွာအုပ်စု ကူဘိုတာကုမ္ပဏီပိုင် စပါးစိုက်ခင်းတွင် တိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာန၏ ကောက်စိုက်စက်ဖြင့် လည်းကောင်း ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့်လည်းကောင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလေးဝမြို့၌ မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းပညာပေး ကွင်းသရုပ်ပြပွဲပြုလုပ်

ကလေးဝ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းပညာပေးကွင်းသရုပ်ပြပွဲကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီက တုန်နန်းကျေးရွာ တောင်သူဦးချစ်ဖေ၏ မိုးစပါးစံပြကွက် ထိုင်းနံ့ကောက်မျိုးစပါး သုံးဧကစိုက်ကွင်း၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကွင်းသရုပ်ပြပွဲတွင် တက်ရောက်လာကြသော တောင်သူများအား ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးနိုင်က တောင်သူများ အနေဖြင့် ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးနည်းများအနက် မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးပါက တစ်ဧကေ ကုန်ကျစရိတ်သက်သာခြင်း၊ စပါးပင်များ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ တမန်းနှုံးပေါင်းလိုက်ရာတွင် လွယ်ကူသက်သာပြီး စပါးအထွက်နှုန်းကောင်းမွန်စေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါကွင်းသရုပ်ပြပွဲကို စိတ်ပါဝင်စားသော ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုမြေဩဇာများပေးအပ်ပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၆

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမ အသင်းသားတောင်သူများအား သွင်းအားစု မြေဩဇာများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အမရပူရမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းကျော်နှင့် မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းထွန်းတို့က သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးမည့် ကျေးရွာ ကိုးရွာ၊ သမဝါယမအသင်း ကိုးသင်းရှိ အသင်းသားတောင်သူများ ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၁၀၀၄ ဧက အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုများဖြစ်သည့် စမ်းဝတ်သဘာဝမြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာများကိုအသင်းသားတောင်သူများမှ စိတ်ကြိုက်ဝယ်ယူစေပြီး လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# မအူပင်မြို့နယ်၌ မိုးစပါးအထွက်တိုးရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုများ ပေးအပ်

မအူပင် ဩဂုတ် ၆

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးအထွက်တိုးရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ဖွံ့ဖြိုးအောင်စိုက်/ထွေ သမဝါယမအသင်းက တာဝန်ခံ၍ ကျေးရွာ လေးရွာရှိ သမဝါယမအသင်းသား မိုးစပါးစိုက်တောင်သူ ၂၀၁ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✳ **စာမျက်နှာ ၆ မှ**

တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားတဲ့ ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိတဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းမျိုးဆိုရင် Sean Turnell အလွန် စိတ်ဝင်စားပါတယ်။ ဘာကြောင့် သူက ဒီလိုစီမံကိန်း မျိုးကို အထူးစိတ်ဝင်စားရသလဲဆိုတာ ပထဝီနိုင်ငံရေးကို တစေ့တစောင်းလေ့လာဖူးသူတိုင်း အလွယ် သိနိုင်တဲ့ကိစ္စမျိုး ဖြစ်ပါတယ်။ မြန်မာပြည်သူတွေ အုပ်ချုပ်နေတာမျိုးထက် တစ်ဆင့်ခံ အုပ်ချုပ်နေတာ မျိုးလို့တောင် ဆိုရမလိုဖြစ်နေပါတယ်။

Sean Turnell ဟာ ၂၀၁၆ ခုနှစ်ကနေစပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်းရဲ့ အထူး စီးပွားရေးအတိုင်ပင်ခံအနေနဲ့ ဆောင်ရွက်လာခဲ့တာ ဆိုတော့ ငါးနှစ်လောက် မြန်မာ့စီးပွားရေး အချက် အလက်တွေကို ထိတွေ့မွှေနှောက်ခွင့်ရခဲ့သူဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝင်ငွေ အများဆုံး ရှာပေးနေတာ ဘယ်ကဏ္ဍကဆိုတာ သူက သိပါတယ်။ မြန်မာ့စီးပွားရေးရဲ့ ဝင်ပေါက် ထွက်ပေါက်တွေ၊ Key sectors တွေကို သူက ကောင်းကောင်း သိနေသူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘယ်ဘဏ်ကိုပိတ်ပါ၊ ဘာလုပ်ပါဆိုတာကို ဟိုပြည်ပြေးအစိုးရဆီကို အကြံပေးဆိုပြီး ဆရာကြီး လုပ်နေတာ ဖြစ်ပါတယ်။

### ထီးကျိုးစည်ပေါက်ခြင်းရဲ့ အကျိုးဆက်တွေ

ပြန်ကြည့်မယ်ဆိုရင် အဲဒီအချိန်က မြန်မာ့ အချုပ်အခြာအာဏာဆိုတာ မြန်မာစစ်စစ်တွေရဲ့ လက်ထဲမှာ ရှိခဲ့ရဲ့လားဆိုတာ မေးခွန်းထုတ်စရာ ဖြစ်ခဲ့ပါတယ်။ စီးပွားရေးအကြံပေးဆိုသူ Sean Turnell က ဘယ်ရှုထောင့်ကနေ စဉ်းစားမလဲ။ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားရှုထောင့်ကနေ စဉ်းစားပေးမလား။ သူလည်း သူ့နောက်မှာ လက်မည်းကြီးရှိနေသေးတာ မဟုတ်လား။ အဲဒီအချိန်က သူ့ကို စီးပွားရေးအကြံပေးခန့်ခဲ့သူတွေက သူ့ကို တစ်လ ဒေါ်လာတစ်သိန်းပေးထားရင် လက်မည်းကြီးက သူ့ကို တစ်လ ဒေါ်လာဆယ်သိန်း ပေးနေကြမှာ မဟုတ်လား။ အဲဒီတော့ Sean Turnell ကလည်း ဘာကို အဓိကကြည့်ပြီး ဘယ်လို အကြံဉာဏ်တွေ ပေးနေမလဲဆိုတာ သာမန်စဉ်းစားဉာဏ်ရှိသူတောင် သိနေနိုင်တာပါပဲ။ ထီးကျိုးစည်ပေါက်ခြင်းရဲ့ အကျိုးဆက်တွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေပဲ ခံစားကြရတာပဲ မဟုတ်ပါလား။

ဒါကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူတယ်ဆိုတိုင်း အာဏာကို မက်မောလို့ မဟုတ်ဘူးဆိုတာ ဒီနေ့ နိုင်ဂျာနိုင်ငံရေးဖြစ်စဉ်ကိုပဲကြည့်ကြည့်၊ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ကိုပဲ ကြည့်ကြည့်သိနိုင်ပါတယ်။ ဒီနေ့ကမ္ဘာမှာ တစ်နိုင်ငံတည်း ထီးထီးနေလို့မရဘူးဆိုတာ အရပ်ဘက်ခေါင်းဆောင်တွေရော၊ တပ်မတော်ခေါင်းဆောင်တွေရော သိကြပါတယ်။ နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံရမယ်၊ အပြန်အလှန် လေ့လာသင်ယူရမယ်၊ ကုန်သွယ်ရမယ်ဆိုတာလည်း သိကြပါတယ်။ ဒါပေမဲ့ အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရန့် ကြွေးကြော်ခဲ့တဲ့ American first ဆိုတာလိုပဲ အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်လာရင် Myanmar First, Niger First ဆိုတာမျိုးက ဖြစ်နေရမှာပဲ မဟုတ်လား။ နိုင်ငံတော်လုံခြုံရေးလို့ ဆိုရာမှာ နိုင်ငံသားများ လုံခြုံရေး၊ စီးပွားရေးအရ လုံခြုံရေးနဲ့ အင်စတီကျူးရှင်းတွေ လုံခြုံရေးအပါအဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် နေထိုင်နိုင်ရေးအတွက် ကာကွယ်ရေးနဲ့ လုံခြုံရေးကို ဆောင်ရွက်တာဖြစ်တယ်လို့ အဓိပ္ပာယ် ဖွင့်ဆိုကြတာ ဖြစ်ပါတယ်။ တချို့ကလည်း စွမ်းအင်လုံခြုံရေး၊ သတင်းအချက်အလက် လုံခြုံရေးတွေလည်း ပါတယ်လို့ ဖွင့်ဆိုကြပါတယ်။ ဟိုတစ်လောကပဲ အိန္ဒိယနိုင်ငံမှာ ပြည်ပကို ဆန်တင်ပို့မှု ကန့်သတ်လိုက်တယ်ဆိုတဲ့ သတင်းတွေ ဖတ်လိုက်ရတယ်။ အိန္ဒိယဝန်ကြီးချုပ်ကလည်း အိန္ဒိယပြည်သူတွေဟာ ပထမဦးစားပေးပါလို့ ပြောသွားတာ မှတ်သားစရာပါ။

နိုင်ဂျာနိုင်ငံဖြစ်စဉ်ကို ကြည့်မယ်ဆိုရင် နိုင်ဂျာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူလိုက်တယ်။ သမ္မတကို ထိန်းသိမ်းလိုက်တယ်။ အဲဒီအတွက် အနောက်နိုင်ငံတွေအပါအဝင် နိုင်ငံတချို့က ပြစ်တင်ရှုတ်ချတယ်။ ဖမ်းဆီးထားသူတွေ ခြွင်းချက်မရှိ ပြန်လွှတ်ပေးပြီး အာဏာပြန်အပ်ဖို့ ပြောတယ်။ နောက်ကွယ်ကိုကြည့်ရင် အဲဒီလောက် မရိုးရှင်းပါဘူး။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကိစ္စ ဖြစ်တယ်။

အချုပ်အခြာအာဏာဆိုတာ အမျိုးသားအကျိုးစီးပွားကို လိုလားတဲ့ နိုင်ငံသားစစ်စစ်တွေရဲ့ လက်ထဲမှာရှိနေဖို့ လိုအပ်ပါတယ်။ အချုပ်အခြာအာဏာ ငါးနှစ်လောက် ဆုံးရှုံးသွားတာတောင် ပေးဆပ်ရတဲ့ အရင်းအနှီးဟာ အဆမတန် ကြီးလွန်းပါတယ်။ နိုင်ဂျာမှာရော ဘယ်လောက်ကြာကြာ အချုပ်အခြာအာဏာ ဆုံးရှုံးသွားခဲ့ရတာလဲ။

အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ဖို့က ပါဝင်ပတ်သက်ကြတဲ့ stakeholders တွေမှာ တာဝန်ရှိသလို နိုင်ငံသားတစ်ဦးချင်းစီမှာလည်း တာဝန်ရှိပါတယ်။ ။

# ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ နောက်ဆုံးနေ့ ပါဝင်ဆင်နွှဲသူ အများပြည်သူတို့ဖြင့် စည်ကားသက်ဝင်

သတင်း - ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

ရန်ကုန် ဩဂုတ် ၆

**ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ၏ နောက်ဆုံးနေ့ဖြစ်သော ယနေ့တွင် စားသောက်ကုန်ပစ္စည်းဝယ်ယူသူ၊ ပွဲတော်မှရောင်းချပေးသည့် အစားအစာနှင့် စတုဒိသာစားသုံးသူ၊ E-Sport Gameနှင့် Entertainment Zone တို့တွင် ကြည့်ရှုအားပေးသူ၊ စက်မှုထုတ်ကုန်ပစ္စည်းများဝယ်ယူသူ၊ လျှပ်စစ်ကား(EV)ပြခန်းတို့တွင် လေ့လာသူ၊ ရေပန်းဥယျာဉ်၌ အပန်းဖြေသူတို့ဖြင့် အထူးစည်ကားခဲ့သည်။**



ဦးရဲမောင်



ဦးရဲဖြိုးနိုင်



မောင်ချစ်ဝင်းအောင်



ဒေါ်ခင်ရီ



မမိုးမိုး

ပွဲတော်နှင့်ပြပွဲသို့ လာရောက်ကြသည့် ပြည်သူတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သီးစုံဒံပေါက်ဘူး ၅၀၀၀ ဖြင့် လည်းကောင်း၊ ပက်စီအချိုရည်ကုမ္ပဏီမှ အချိုရည်တို့ဖြင့် လည်းကောင်း သုံးရက်တိုင် လှူဒါန်းကြပြီး အများပြည်သူ ဈေးနှုန်းသက်သာစွာဖြင့် နေ့လယ်စာစားသုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တန်ဖိုးသင့် ထမင်းနှင့်ဟင်းအရောင်းဆိုင်ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အများပြည်သူ အားပေးသုံးဆောင်မှု များပြားခဲ့သည်ကို တွေ့ရသည်။

မိုးရာသီ ဈေးရောင်းပွဲတော်၊ စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ နောက်ဆုံးနေ့ဖြစ်သည့်အတွက် အများပြည်သူ အထူးစည်ကားစွာ လာရောက်ကြည့်ရှုအားပေးကြရာ ပြည်သူတို့၏ ရင်တွင်းပီတိစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးရဲမောင်(Chief Operation Officer – Asia Pacific Automaker Corp)**

ကျွန်တော်တို့နိုင်ငံမှာ EV လျှပ်စစ်ကား မော်ဒယ်အမြင့်တွေ ဘယ်လောက် အထိ ရောက်နေပြီဆိုတာ အများပြည်သူ သိရှိအောင် ပြသပေးနေပါတယ်။ လုံခြုံစိတ်ချမှုရှိတဲ့ အစီအမံတွေနဲ့ ရောင်းချပေးသွားမယ်ဆိုတာ အများပြည်သူကို ချပြပေးမှာပါ။ အချို့ယာဉ်သုံးစွဲသူတွေ အနေနဲ့ ဓာတ်ငွေ့၊ ဓာတ်ဆီကားတွေနေရာမှာ EV ကားကို အစားထိုးချင်နေကြပါပြီ။

EV ကားရဲ့ကောင်းကျိုးတွေကို မော်တော်ယာဉ် အသုံးပြုလိုသူတွေ သိရှိထားတာဖြစ်တဲ့အတွက် ဘယ်အချိန်၊ ဘယ်တော့၊ ဘယ်နေရာမှာ ရောင်းမှာလဲဆိုတာ မေးနေပါတယ်။ ခွဲတမ်းအလိုက် ရောင်းချပေးမှုနဲ့ အကောင်းဆုံးဝန်ဆောင်မှု ပေးသွားမှာပါ။ နေပြည်တော်မှာ EV ကားကို ပထမဆုံးပြသခွင့်ရခဲ့တဲ့အတွက် ကောင်းကျိုး၊ ဆိုးကျိုးကိုသိထားပြီး အခုလို အနီးကပ်ကြည့်ရှုလေ့လာခွင့်ရတဲ့အခါ ဘယ်လိုမျိုးယာဉ်ကို နောင်အနာဂတ်မှာ အသုံးပြုရင် မိသားစု အဆင်ပြေမယ်ဆိုတာသိလာတာကြောင့် အမှာစာမှာတဲ့သူများလာပါတယ်။ နိုင်ငံအတွက်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ အကျိုးများစွာရရှိလာစေမှာဖြစ်ပါတယ်။

**ဦးရဲဖြိုးနိုင်(တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုနဲ့ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေနဲ့ မိုးရာသီဈေးရောင်းပွဲတော်ကို လာရောက်ကြတဲ့ အများပြည်သူကို သီးစုံဒံပေါက် စတုဒိသာဒါနပြုတာပါ။ ဩဂုတ် ၄ ရက် ဖွင့်ပွဲနေ့ကစပြီး ဒံပေါက်ဘူး ၅၀၀၀ နေ့စဉ် လှူဒါန်းခဲ့တာ ဒီနေ့ဆိုရင် သုံးရက်ရှိပါပြီ။ စည်စည်ကားကားနဲ့ အများပြည်သူ ပျော်ရွှင်စွာစားသုံးတာမြင်ရတော့ ကျွန်တော်တို့လည်း ပီတိဖြစ်ရပါတယ်။

**မောင်ချစ်ဝင်းအောင်**

**တက္ကသိုလ်ကျောင်းသား**

ဒီနေ့ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တော့ ပြပွဲကိုလာကြည့်ဖြစ်တာပါ။ ကျွန်တော်တို့ ကျောင်းသားတွေ စိတ်ဝင်စားစေတဲ့ E-Sport Game ကို ပြသထားတယ်လို့ သူငယ်ချင်းတွေ ပြောတာနဲ့ လာကြည့်ဖြစ်တာပါ။ ဂိမ်းဆော့တဲ့အချိန်မှာ အခြားစိတ်လွင့်ပျံ့မှုမရှိဘဲ အာရုံစူးစိုက်မှုရှိတဲ့အတွက် အားလပ်ချိန်ဖြစ်စေ၊ စိတ်ပင်ပန်းတဲ့အခါဖြစ်စေ ဂိမ်းကစားဖြစ်ပါတယ်။ နည်းပညာကို မှန်မှန်ကန်ကန် အသုံးချနိုင်မယ်ဆိုရင် လူငယ်တွေအတွက် နိုင်ငံတကာဂိမ်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှုကနေ အခွင့်အလမ်းကောင်းတွေရရှိလာနိုင်ပါတယ်။

**မသင်းသီရိခိုင် (ကျောင်းသူတစ်ဦး)**

ဈေးရောင်းပွဲတော်မှာ ဂိမ်းပွဲထက် စတိတ်ရှိုးပွဲကို ပိုပြီး နှစ်သက်ပါတယ်။ စားစရာတွေစားတယ်။ စာအုပ်တွေ၊ အဝတ်အစားတွေဝယ်တယ်။ EV ကားပြခန်းက မော်ဒယ်မမတွေနဲ့ ဓာတ်ပုံရိုက်ကြတယ်။ Entertainment Zone မှာ နာမည်ရအဆိုတော်တွေ သီဆိုတာမြင်ရတော့ စတိတ်ရှိုးပွဲကို နှစ်ခြိုက်တဲ့ သမီးတို့လို လူငယ်တွေ ပျော်ရွှင်ရပါတယ်။ ပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်ရီ(၇၄ နှစ်) (ပြည်သူတစ်ဦး)**

ဒဂုံမြို့နယ်မှာ နေတာပါ။ ဒီနေ့နဲ့ဆိုရင် ဆီဝယ်တာ သုံးရက်ရှိပါပြီ။ အခုလို အများပြည်သူကို တိုက်ရိုက်ရောင်းချပေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆီကုန်သည်နဲ့ ဆီလုပ်ငန်းရှင်များအသင်းကို အထူးပဲကျေးဇူးတင်ပါတယ်။ အပြင်ထက်ဈေးသက်သာတဲ့အတွက် အခုလိုတိုးပြီးဝယ်ယူတာကလည်း ပျော်စရာကောင်းပါတယ်။

**မမိုးမိုး(ပြည်သူတစ်ဦး)**

စားသုံးဆီထုတ်ရင်း စတုဒိသာကျွေးမွေးတာကို တွေ့ရတော့ ပြည်သူ တစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ ကျွန်မတို့မိတ်ဆွေတွေအားလုံး သီးစုံဒံပေါက်စားဖြစ်တယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းချပေးတဲ့ တန်ဖိုးသင့်ထမင်းနဲ့ဟင်းလည်း စားဖြစ်တယ်။ အပြင်မှာ အသုပ်တစ်ပွဲစာဈေးနှုန်းပဲရှိပြီး ဟင်းလည်းကောင်းတယ်၊ ထမင်းအဝစားရတယ်။ ဒီပွဲကိုလာကြည့်ကြတဲ့ ဘယ်သူမဆို အစားအစာက အစ အဆင်ပြေတယ်ဆိုတော့ ကျွန်မလိုပဲ အားလုံးကျေနပ်အားရကြမှာပါ။



Entertainment Zone တွင် အများပြည်သူ ကြည့်ရှုအားပေးနေစဉ်။



ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို တွေ့ရစဉ်။

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် 100 MW(Gas Engine + Solar Hybrid)ဓာတ်အားပေးစက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

မကွေး ဩဂုတ် ၆

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၅ ရက် နံနက်ပိုင်းက မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် 100 MW (Gas Engine + Solar Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

အဆိုပါ ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ ရောက်ရှိစဉ် 100 MW (Gas Engine + Solar Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် Magway Hybrid Power Co.,Ltd. တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် 100 MW(Gas Engine + Solar Hybrid) ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းဖြစ်ပြီး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို နေရောင်ခြည်စက်စွမ်းအား ၁၀၀ မဂ္ဂါဝပ်နှင့် သဘာဝဓာတ်ငွေ့သုံး စက်စွမ်းအား ၁၂၆ မဂ္ဂါဝပ် တည်ဆောက်ဆောင်ရွက်နေမှု အခြေအနေ၊ ဓာတ်အားပေးစီမံကိန်းကို မြေဧက ၅၉၈ ဧကတွင် တည်ဆောက်မှု၊ လက်ရှိတွင် စီမံကိန်းလုပ်ငန်း ၃၂ ရာခိုင်နှုန်းပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့သုံး စက်စွမ်းအား ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ဖြင့် လည်ပတ်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လုပ်ငန်းအန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအမြန်ဆုံး ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဓာတ်အားပေးစီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၁၈ ဒသမ ၈၉၀ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံကိန်း လုပ်ငန်း ပြီးစီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်တွေမြို့၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၆

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ကုန်



ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် စစ်တွေမြို့ ဦးဉတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့်ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ **သတင်းစဉ်**

## လယ်ဝေးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

လယ်ဝေး ဩဂုတ် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အောင်မြင်ကုန်းကျေးရွာ၌ ကွင်းဆင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံ



ငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောင်မြင်ကုန်းကျေးရွာတွင် အသင်းသူ အသင်းသား ၁၂၅ ဦးကို ငွေကျပ် ၂၉၄ သိန်းနှင့် တံတားဦးကျေးရွာရှိ အသင်းသူ အသင်းသား ၇၆ ဦးအား ငွေကျပ် ၁၉၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## အရည်အသွေးမီ စားသုံးဆီများ ဈေးနှုန်းချိုသာ မှန်ကန်စွာဖြင့် MRTV တွင် လာရောက်ရောင်းချပေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် အရည်အသွေးမီ စားသုံးဆီများအား ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ယနေ့မနက်ပိုင်းက လာရောက်ရောင်းချပေးသည်။

အဆိုပါ စားသုံးဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၀၀၀ ကျော်အတွက် စုစုပေါင်းပိဿာ ၂၀၀၀ ကျော်ကို ရောင်းချပေးခြင်းဖြစ်သည်။

ထိုသို့ စားသုံးဆီများ ဖြန့်ဖြူးရောင်းချခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ၏စီစဉ်မှုဖြင့် Diamond Dragon ကုမ္ပဏီလီမိတက်မှ လာရောက်ရောင်းချပေးခြင်းဖြစ်ကြောင်း၊ နေပြည်တော်နယ်မြေအတွင်းရှိ ဌာနဆိုင်ရာ ရုံးများ၊ ဝန်ထမ်းများ အဆောင်နှင့် အိမ်ရာများအပြင် မြို့နယ်/ရပ်ကွက်များအတွင်းသို့လည်း လှည့်လည်၍ ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ လုပ်ငန်းဆောင်ရွက်မှုများ

မိုး(အလရ)




(၂၃)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။

နိုင်ငံ့လုပ်သားထု၏ ဘဝအရည်အသွေးမြင့်တက်စေရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်သည် အရေးပါသည့်ကိစ္စရပ်တစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံအတွင်း သို့မဟုတ် လုပ်ငန်းခွင်အတွင်း အကောင်အထည်ဖော်သည့်နေရာတွင် အခြားသူများ၏ အောင်မြင်ခဲ့သည့် အလေ့အကျင့်ကောင်းများကို လေ့လာအတုယူပြီး မိမိနိုင်ငံအခြေအနေ (သို့မဟုတ်) မိမိလုပ်ငန်းခွင်အခြေအနေနှင့် ကိုက်ညီသည့်ပုံစံသို့ ပြောင်းလဲကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ထိရောက်မှုရှိသည့် နည်းလမ်းတစ်ခုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်သင့်သည့် မူဘောင်များ၊ နည်းလမ်းများကို ပြဋ္ဌာန်းချက်များ (Conventions)၊ လမ်းညွှန်ချက်များအဖြစ် ထုတ်ပြန်ပေးသည့် အပြင် ကမ္ဘာ့နိုင်ငံများအကြား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအတွေ့အကြုံများ၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေများအရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနယ်ပယ်တွင် အဆင့်မြင့်တင်ဆောင်ရွက်နေမှုများကို နိုင်ငံအချင်းချင်း မျှဝေဖလှယ်နိုင်ရန် ဆွေးနွေးပွဲများ၊ ညီလာခံများ ကျင်းပပြုလုပ်လျက်ရှိပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလေ့အကျင့်ကောင်းများမျှဝေနိုင်ရေး ဒေသတွင်းနိုင်ငံများ၊ လုပ်ငန်းနယ်ပယ်တူသည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်လေ့ရှိကြသည်။

**ASEAN-OSHNET ဖြစ်ပေါ်လာပုံ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရေးအဖွဲ့တစ်ခု ထူထောင်ရန် ၁၉၈၄ ခုနှစ်တွင် ILO က ကျင်းပခဲ့သည့် ဆွေးနွေးပွဲတစ်ခုမှ အစပြုခဲ့သည်ဟု ဆိုရပေမည်။ အဆိုပါဆွေးနွေးပွဲတွင် ဒေသတွင်းလုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်အခြေအနေ တိုးတက်စေရေးအတွက် သင်တန်းနှင့် သုတေသနလုပ်ငန်းများ စီမံခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်စေရေး ဒေသတွင်းအဖွဲ့တစ်ခု ထူထောင်သင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့မှုကို ၁၉၈၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ပထမအကြိမ်မြောက် အာဆီယံအလုပ်သမားရေးရာ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် သဘောတူခဲ့ပြီး (၅) ကြိမ်မြောက် အလုပ်သမားဝန်ကြီးများ အစည်းအဝေးမှာလည်း အတည်ပြုခဲ့ကြသည်။

အဆိုပါ အကြံပြုချက်ကို အကောင်အထည်ဖော်နိုင်ရန် အခွင့်အရေးတစ်ရပ်အနေဖြင့် ၁၉၉၅ ခုနှစ်တွင် United Nations Development Programme (UNDP) က လုပ်ငန်းခွင်အခြေအနေ တိုးတက်စေရေးနှင့်ပတ်သက်၍ အာဆီယံလေ့ကျင့်သင်ကြားရေးစင်တာ (သို့မဟုတ်) ကွန်ရက် တစ်ခုထူထောင်ရာတွင် ကူညီပံ့ပိုးလိုကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ဆက်သွယ်လာသည့်အတွက် အာဆီယံနိုင်ငံများမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့များကို ဖိတ်ကြား၍ ၁၉၉၆ ခုနှစ် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ကွန်ရက်တစ်ခု ထူထောင်ရန် သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၀၀ ပြည့်နှစ်တွင် အာဆီယံနိုင်ငံများမှ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့များ၏ ခေါင်းဆောင်များက နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုး၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် (ASEAN Occupational Safety and Health Network – ASEAN-OSHNET) ကို ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ASEAN-OSHNET အဖွဲ့ကြီးသည် ကုန်ထုတ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထု ပေါ်ပေါက်လာစေရန် အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေး ထိရောက်သည့် ကွန်ရက်တစ်ခုဖြစ်စေရေး မျှော်မှန်းချက်ဖြင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဖြစ်ပါသည်။

ASEAN-OSHNET သည် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်သုံးခုအနက်မှ တစ်ခုဖြစ်သည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Socio-Cultural Community- ASCC) ၏ လုပ်ငန်းနယ်ပယ်အောက်တွင် အကျုံးဝင်ပါသည်။ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကွန်ရက်အနေဖြင့် ဆုံးဖြတ်ချက်အစီရင်ခံစာကို အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေး (Senior Labour Officers' Meeting – SLOM) သို့ တင်ပြအတည်ပြုချက် ရယူရပါသည်။ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေး (ASEAN Labour Ministers' Meeting – ALMM) သို့လည်းကောင်း၊ အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit Meeting) သို့လည်းကောင်း အဆင့်ဆင့်ပေးပို့တင်ပြပြီး ဆုံးဖြတ်ချက်ရယူဆောင်ရွက်ကြရသည်။

**ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့နှင့် အတွင်းရေးမှူးချုပ် အခန်းကဏ္ဍ**

ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့အနေဖြင့် မူဝါဒဆိုင်ရာ ညွှန်ကြားချက်များ၊ လုပ်ငန်းအစီအစဉ် ညှိနှိုင်းချမှတ်ခြင်းနှင့် ASEAN-OSHNET အတွင်းရေးမှူးချုပ် ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ASEAN-OSHNET အတွင်းရေးမှူးချုပ်အနေဖြင့် ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့၏ စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ထောက်ပံ့ပေးခြင်း၊ ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

ပထမအကြိမ် ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့အစည်းအဝေး (Coordinating Board Meeting – CBM) ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ASEAN-OSHNET ၏ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများ၏ သံရုံးကိုယ်စားလှယ်များ၊ ILO (ဂျကာတာရုံးခွဲ)တို့ တက်ရောက်၍ ဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတိုးတက်စေရန် ကနဦးခြေလှမ်းကို အစပြုခဲ့ကြပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ASEAN-OSHNET ညှိနှိုင်းရေးအဖွဲ့၏ အစည်းအဝေးကို သုံးနှစ်ဆက်တိုက် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီးနောက် အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် အလှည့်ကျ ဦးဆောင်ကျင်းပလျက်ရှိပါသည်။ ထို့ပြင် ASEAN-OSHNET အတွင်းရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များကို အဖွဲ့ဝင်နိုင်ငံက သုံးနှစ်လျှင် တစ်ကြိမ် အလှည့်ကျတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

**ASEAN-OSHNET လုပ်ငန်းကဏ္ဍများ**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အာဆီယံနိုင်ငံများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်ဖလှယ်ရေးကဏ္ဍ၊ လေ့ကျင့်ပညာပေးရေးကဏ္ဍ၊ သုတေသနပြုရေးကဏ္ဍ၊ စံနှုန်းများသတ်မှတ်ရေးကဏ္ဍနှင့်

စာမျက်နှာ ၁၁ သို့

> ASEAN-OSHNET အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ဆွေးနွေးဖလှယ်ခြင်းသာမက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားအဖွဲ့အစည်းများနှင့် အတွေ့အကြုံများကို မျှဝေနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ ASEAN-OSHNET ညီလာခံကို ကျင်းပခဲ့ကြသည်။ ထိုညီလာခံတွင် ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာလုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆုရရှိသည့် ကုမ္ပဏီများ တက်ရောက်ကြပြီး တိုးတက်ပြောင်းလဲနေသည့် နည်းပညာရပ်များ၊ စီးပွားရေးလုပ်ငန်းများပေါ်မူတည်၍ ကျင့်သုံးဆောင်ရွက်နေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြ

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB Pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်
ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

✤ စာမျက်နှာ ၁၀ မှ

စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးကဏ္ဍ၊ အမျိုးသားအဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမူဘောင် ကဏ္ဍ၊ အသေးစား၊ အလတ်စားနှင့် သမားရိုးကျမဟုတ်သည့် လုပ်ငန်းကဏ္ဍဟူ၍ ကဏ္ဍအလိုက် လုပ်ငန်းစီမံကိန်းများကို အဖွဲ့ဝင်နိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ လူ့စွမ်းအား၊ ငွေကြေးအင်အားနှင့် နည်းပညာဆိုင်ရာအခြေအနေပေါ်မူတည်ပြီး နိုင်ငံအလိုက် တာဝန်ယူဆောင်ရွက်မည့် ငါးနှစ်လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆုံးဖြတ်ကြပါသည်။ **ASEAN-OSHNET ၏ လုပ်ငန်းဆောင်ရွက်ချက်များကို https://asean-osh.net တွင် လေ့လာနိုင်ပါသည်။**

### ASEAN-OSHNET ညီလာခံ

ASEAN-OSHNET အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ဆွေးနွေးဖလှယ်ခြင်းသာမက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အခြားအဖွဲ့အစည်းများနှင့် အတွေ့အကြုံများကို မျှဝေနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ ASEAN-OSHNET ညီလာခံကို ကျင်းပခဲ့ကြသည်။ ထိုညီလာခံတွင် ASEAN-OSHNET အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆုရရှိသည့် ကုမ္ပဏီများ တက်ရောက်ကြပြီး တိုးတက်ပြောင်းလဲနေသည့် နည်းပညာရပ်များ၊ စီးပွားရေးလုပ်ငန်းများပေါ်မူတည်၍ ကျင့်သုံးဆောင်ရွက်နေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြပါသည်။

### ASEAN-OSHNET အဖွဲ့တွင် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် ASEAN-OSHNET ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ASEAN - OSHNET ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဦးစီးဌာနနှင့် အဖွဲ့များက တာဝန်ယူဆောင်ရွက်လျက်ရှိသကဲ့သို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသည် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ASEAN-OSHNET ၏ လုပ်ငန်းအစီအစဉ်များအား တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ASEAN-OSHNET ၏ လုပ်ငန်းအစီအစဉ်များတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ASEAN - OSHNET အဖွဲ့ဝင်နိုင်ငံများက သုံးနှစ်လျှင် တစ်ကြိမ် အလှည့်ကျထမ်းဆောင်ရသည့် ASEAN - OSHNET အတွင်းရေးမှူးချုပ်ရုံး တာဝန်များကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ လူ့စွမ်းအားရင်းမြစ်ဝန်ကြီးဌာနထံမှ လက်ခံရယူခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ပါသည်။ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံးတာဝန်ကို ၂၀၂၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး လက်ရှိအချိန်တွင် ထိုင်းနိုင်ငံက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ASEAN - OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် အိမ်ရှင်အဖြစ် အလှည့်ကျ တာဝန်ယူကျင်းပဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် သတ္တမအကြိမ်မြောက် ASEAN - OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ (၁၄) ကြိမ်မြောက် ASEAN - OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ၂၀၁၃ ခုနှစ်တွင်လည်းကောင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။ ထို့ပြင် ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေမှု အခြေအနေများကြောင့် မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပရမည့် (၂၃) ကြိမ်မြောက် ASEAN - OSHNET ညှိနှိုင်းရေးမှူးအဖွဲ့ အစည်းအဝေး၊ (၉) ကြိမ်မြောက် ASEAN-OSHNET ညီလာခံနှင့် (၄) ကြိမ်မြောက် ASEAN - OSHNET ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် Virtual နည်းလမ်းဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

လက်ရှိအချိန်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ASEAN-OSHNET ၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိပြီး ASEAN-OSHNET ၏ လုပ်ငန်းအစီအစဉ်များအရ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးလျက်ရှိပါသည်။

ASEAN - OSHNET တွင် ပါဝင်ဆောင်ရွက်၍ အာဆီယံနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အတွေ့အကြုံများအား လေ့လာပြီး မိမိနိုင်ငံနှင့် ကိုက်ညီသည့် အလေ့အကျင့်ကောင်းများကို အသုံးချ၍ မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အဆင့်မြင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ။

■

# ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါး ရေတော်၊ မိုးတော်၊ ဆင်းသုခမျိုးစိုက်ခင်း စိုက်ပျိုးခြင်းနှင့် မြို့နယ်ထွန်းတုံးပိတ်ပွဲအခမ်းအနား ကျင်းပ



ကန်ကြီးထောင့် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ တောင်သူ ဦးစန်းဦး၏ လယ်မြေ နှစ်ဧကတွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရေတော်၊ မိုးတော်၊ ဆင်းသုခမျိုးစိုက်ခင်း စိုက်ပျိုးခြင်းနှင့် မြို့နယ်ထွန်တုံးပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကို၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသိန်းနိုင်စိုးက ၂၀၂၃ ခုနှစ် မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**၁၃၁၂၃ ဧက စိုက်ပျိုးပြီးစီး**

အခမ်းအနားသို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြပြီး မြို့နယ်အနေဖြင့် ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးလျာထားဧက ၁၄၃၉၆၀ ထားရှိရာ ယနေ့အထိ ၁၃၁၂၃ ဧက စိုက်ပျိုးပြီးစီးခဲ့ကာ ကျန်ရှိနေသော ၁၂၃၇၅ ဧကမှာ ရေကြီးရေနက်ကွင်းများရှိ ရေကျနောက်စိုက်များဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❐

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၂၇)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန် တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူး၍ (၂၇)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချပွဲကို ဩဂုတ် ၆ ရက်က အသင်းရုံး တည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

**သင်ကြားပို့ချ**

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၂ ဦး တက်ရောက်ကြသည်။ သင်တန်းပထမနေ့တွင် ရွှေတူးဖော်ခြင်း ဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ဆရာဦးတင်နိုင်ထွန်း (ဘူမိဗေဒပညာရှင်)တို့က သင်ကြားပို့ချသည်။



ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းတွင် ကျွမ်းကျင်ပညာရှင်များက ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေ ဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါးငွေဒင်္ဂါး၊ အသုံးချ ရွှေသချာ်၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။ ရွှေပညာဒါန(အခမဲ့) ရွှေအသိပညာပေးသင်တန်းကို လစဉ်ဖွင့်လှစ်လျက်ရှိရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ



မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ညွှန်ကြားမှုဖြင့် ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအား ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က ဘားအံမြို့မိုးလုံလေလုံပြည်နယ်အားကစားရုံ၌ ပြုလုပ်ရာ ကရင်ပြည်နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက ဦးကျော်မင်းစိန်၊ ဥက္ကဋ္ဌဦးမြတ်စိုးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး ဦးတင်ဦးနှင့် ဘာသာအလိုက် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များက ပေးအပ်လှူဒါန်းရာ ပြည်နယ်ရေဘေးကော်မတီဝင်တစ်ဦး လက်ခံရယူစဉ်။ သျှင်ဝင်းသျှင်

# ပြည်မြို့နယ်၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ပြည် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်ကောင်းမွန်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး နယ်မြေအတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၆၆/၁၁ ကေဗွီ ပြည်စက်မှုဇုန် ဓာတ်အားခွဲရုံ Main Transformer ၏ OLTC အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဓာတ်အားခွဲရုံမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် AGE Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ဓာတ်အားခွဲရုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း စက်မှုဇုန်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားသော ၁၁ ကေဗွီ (မြေပဒေသာ၊ တပ်မ၊ ဂန္ဓမာ စက်မှုဇုန်နှင့် နဝဒေးစက်မှုဇုန်) ဓာတ်အားလိုင်းတို့အား လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်ကောင်းမွန်ရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကိုဆက်(ပြန်/ဆက်)

# မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၆

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ကျိုင်းတောင်မြို့၌ တောင်သူလယ်သမားများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



ကျိုင်းတောင်း ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရက ထောက်ပံ့သည့် ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူးရုံး နမ့်တိန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံ ဦးစိုင်းကျော်အေးက တက်ရောက်လာကြသည့် တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းလမ်းကောင်း သိကောင်းစရာများနှင့် ရှမ်းပြည်နယ်အစိုးရက ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေဩဇာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူလယ်သမားများအား ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အိန္ဒိယနိုင်ငံ၌ မီးရထားဘူတာရုံပေါင်း ၅၀၈ ခု ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ရေးစီမံကိန်း စတင်

**နယူးဒေလီ ဩဂုတ် ၆**

ရပ်ဝေးသွားခရီးသည်များကို ပိုမိုကောင်းမွန်သော ပို့ဆောင်ရေးဝန်ဆောင်မှုပေးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရူပီး ၂၅၀ ဘီလီယံ (အမေရိကန်ဒေါ်လာသုံးဘီလီယံကျော်) ကုန်ကျမည့် နိုင်ငံတစ်ဝန်းရှိ မီးရထားဘူတာရုံပေါင်း ၅၀၈ ခု ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ရေးစီမံကိန်းကို ယနေ့စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

မီးရထားဘူတာရုံများ ပြန်လည်ပြင်ဆင်ခြင်းတွင် မီးရထားစကြံများပေါ်တွင် ပိုမိုကောင်းမွန်သော နေရာထိုင်ခင်းအစီအစဉ်များ၊ အဆင့်မြှင့်ထားသော နားနေရာနေရာများနှင့် အခမဲ့ Wi-Fi ချိတ်ဆက်မှုတို့ ပါဝင်မည်ဖြစ်သည်။

မီးရထားဘူတာရုံပေါင်း ၅၀၈ ရုံကို ပြန်လည်အဆင့်မြှင့်ပြုပြင်ခြင်းနှင့် စုစုပေါင်းရထားဘူတာပေါင်း ၁၃၀၀ ကို ပြန်လည်တည်ဆောက်ရန် ရည်မှန်းထားကြောင်း မိုဒီက ပြောကြားခဲ့သည်။

နိုင်ငံ၏ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ရထားလမ်းများသာမက သာမန်ပြည်သူများနှင့်အတူ နိုင်ငံတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောလှုံ့ဆော်မှုတစ်ခုဖြစ်သည်ဟု မိုဒီက ဆက်လက်ပြောသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**





# သီရိလင်္ကာနိုင်ငံသား တစ်သိန်းနီးပါး မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရ

**ကိုလံဘို ဩဂုတ် ၆**

သီရိလင်္ကာနိုင်ငံ၏ ပြည်နယ်လေးခုတွင် လူပေါင်း ၉၀၀၀၀ ကျော်သည် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားခဲ့ရကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ မိုးခေါင်ရေရှားမှုဒဏ် ခံစားခဲ့ရသည့် ဒေသလေးခုမှာ ဆာဘရာဂါမူဝါ၊ အရှေ့ပိုင်းပြည်နယ်၊ အနောက်မြောက်ပိုင်းပြည်နယ်၊ မြောက်ပိုင်းပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

ယင်းသို့ မိုးခေါင်ရေရှားမှုကြောင့် အိမ်ထောင်စု ၂၇၈၈၅ စုမှ မိသားစုဝင် ၈၉၄၈၅ ဦးသည် မိုးခေါင်ရေရှားမှုဒဏ် ခံစားခဲ့ရပြီး အနောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂျက်ဖ်နာသည် မိုးခေါင်မှုဒဏ် အခံရဆုံးဖြစ်ကာ အိမ်ထောင်စု ၂၁၇၁၄ စုမှ လူဦးရေ ၆၉၁၁၃ ဦးသည် မိုးခေါင်ရေရှားမှုဒဏ်ခံစားခဲ့ရကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုစင်တာ၏ ပြောကြားချက်အရ သီရိလင်္ကာနိုင်ငံ၌ မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခြင်းသည် မုတ်သုံရာသီနောက်ကျခြင်း သို့မဟုတ် ရာသီဥတုပြောင်းလဲမှုတို့ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

■

# ဂျော်ဂျီယာနိုင်ငံအနောက်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၇ ဦးရှိလာ

**တီဘီလီစီ ဩဂုတ် ၆**

ဂျော်ဂျီယာနိုင်ငံအနောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၁၇ ဦး အထိမြင့်တက်လာခဲ့ကြောင်း ဂျော်ဂျီယာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

**ရှာဖွေတွေ့ရှိထား**

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်သားများက မြေပြိုမှုကြောင့် သေဆုံးခဲ့သည့် ရုပ်အလောင်း ၁၇ လောင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဂျော်ဂျီယာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ဒေသတွင်းမီဒီယာများအား ပြောကြားသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်နေစဉ် ကာလအတွင်း လူပေါင်း ၂၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် လက်ရှိအချိန်တွင် သေဆုံးသူ ၂၀ နီးပါး ရှိလာခဲ့ခြင်းကြောင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ် ရှိကြောင်းလည်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြခဲ့သည်။ ဂျော်ဂျီယာနိုင်ငံ ဝန်ကြီးချုပ် ဂါရီဘာရှ်ဗီလီကလည်း မြေပြိုမှုကြောင့် သေဆုံးခဲ့သူများအတွက် ဩဂုတ်လ ၇ ရက်နေ့ကို ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၃၀၀ အထိရှိလာ

**ဒါကာ ဩဂုတ် ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၆၃၉၆၈ ဦးအထိရှိခဲ့ကာ အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၀၃ ဦးအထိရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဦးစီးဌာနက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဩဂုတ် ၅ ရက် တစ်ရက်တည်းမှာပင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၄၉၅ ဦးရှိခဲ့ကာ ၁၀ ဦးကျော် သေဆုံးခဲ့ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့်လအတွင်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၃၈၅၄ ဦးရှိခဲ့ကာ သေဆုံးသူ ၂၀၄ ဦးရှိခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လအတွင်းနှင့် စက်တင်ဘာလအတွင်းကာလသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အများဆုံးကာလဖြစ်ပြီး ခြင်မှတစ်ဆင့်ဖြစ်ပွားသော ရောဂါဖြစ်ပွားနိုင်ခြေမြင့်မားသောနိုင်ငံအဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ပါကစ္စတန်နိုင်ငံ၌ ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား၊ အနည်းဆုံး ၂၂ ဦး သေဆုံး

**အစ္စလာမာဘတ် ဩဂုတ် ၆**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ် ဆန်ဂါခရိုင်၌ ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၂ ဦး သေဆုံးပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဆိုသည်။

Hazara Express ရထားသည် နိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ ကာရာချိမှ ထွက်ခွာလာပြီး အရှေ့ဘက် ပန်ဂျပ်ပြည်နယ်သို့ ဦးတည်သွားခဲ့သည်။ ဆာဟာရီမြို့အနီးရှိ တူးမြောင်းတံတားကို ဖြတ်ကူးစဉ် ရထားတွဲ ၁၀ တွဲ လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောသည်။

မတော်တဆမှုဖြစ်ပြီးနောက် ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်သွားရောက်ကာ ရထားတွဲလမ်းချော်ပြီးနောက် ပိတ်မိလျက်ရှိသည့် ခရီးသည်များကို ကယ်ဆယ်ခဲ့ပြီး အနီးနားရှိဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



ရထားတွဲများအတွင်း၌ အလောင်းများနှင့် ဒဏ်ရာရသူအများအပြား ပိတ်မိလျက်ရှိသည့်အတွက် သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက စိုးရိမ်လျက်ရှိသည်။

အဆိုပါအခင်းဖြစ်ပွားပြီးနောက် ဆန်ဂါခရိုင်နှင့် အခြားအနီးနားခရိုင်များတွင် အရေးပေါ်အခြေအနေ ကြေညာထားပြီး ရထားလမ်းကွန်ရက်၏ အတက်အဆင်း နှစ်ခုစလုံးတွင် မီးရထားအသွားအလာကို ဆိုင်းငံ့ထားကြောင်း သိရသည်။

မီးရထားသည် တူးမြောင်းတံတားကို ဖြတ်သွားစဉ် ရထားအင်ဂျင်စက်ပြတ်တောက်သွားပြီးနောက် ရထားတွဲများလမ်းချော်သွားကြောင်း မျက်မြင်သက်သေတစ်ဦးက မီဒီယာသို့ ပြောကြားသည်။

သို့သော် အခင်းဖြစ်ပွားမှု၏ အကြောင်းရင်းကို တရားဝင်အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

မတော်တဆမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုပြုရန် ပါကစ္စတန်မီးရထားဝန်ကြီး Khawaja Saad Rafique က ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တရားမဝင် အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




နေပြည်တော် ဩဂုတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Jersey Fabric Plain ၅၀၀၀ ကီလိုဂရမ်၊ Cosmetic Camella Whitening Clear Cream ဘူး ၁၄၄၀၊ Mano One-Six-Twelve Injection အခု ၂၅၀၀၀၊ ITR Hydraulic Oil ၁၀ စည် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇,၅၄၅,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀,၀၀၀,၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေး စခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Battery Bicycle အစီး ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၀၇၄၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soy Milk ဘူး ၇၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၄၀၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Coconut Fiber Sheet ၅၂၉၀ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃,၃၈၅,၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsu-bishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀)ကိုလည်းကောင်း စုစုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀,၇၈၅,၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က အမှတ်(၂) လမ်းမကြီး ရွာသာကြီးတိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Gold Star Cycle Tube အခု ၂၁၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄,၇၈၂,၇၇၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀,၀၀၀,၀၀၀) ကို လည်းကောင်း စုစုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄,၇၈၂,၇၇၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပျဉ်းကတိုးပါကေးပြား သုည ဒသမ ၅၃၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀,၀၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀)ကို လည်းကောင်း၊ စဉ့်ကူးမြို့နယ် ပင်လယ်ကြီး ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ခွဲသား ၁၃ ဒသမ ၆၆၅၄တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၈၃၂,၇၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀,၀၀၀,၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇,၃၁၂,၇၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃,၆၂၆,၁၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၈-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာ |
| ၀၉:၁၀ | စိုက်ပျိုးမွေးမြူသုတဘဏ် |
| ၁၀:၃၀ | Economic Review |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ 'ကာရံညီတဲ့အနုပညာရှင်' ဒါရိုက်တာမောင်မောင်မြင့်၊ အကယ်ဒမီနွဲ့နွဲ့စန်း |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၇) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၃၀ | ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး) |
| ၁၆:၃၅ | မျိုးဗုဇ်တင့်စေဆိုကရေးတီးအဖွဲ့ |
| ၁၇:၁၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | New Future Program |
| ၁၉:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာချက်နာဖုံး' (အပိုင်း-၂၀) |
| ၁၉:၃၀ | မာရဝိဇယမြတ်ဗုဒ္ဓ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၄၀) |
| ၂၂:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၁၄) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic : Zambudipar (Shwe Yee Win) |
| 07:09 | The Hills Of Phowintaung And Shwebataung |
| 07:30 | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| 07:47 | Life of Sea Urchin Diver |
| 08:01 | News |
| 08:26 | Global Updates: Beating Burnout |
| 08:32 | Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion) |
| 08:47 | Serene and Happy Rural Life in Myanmar |
| 09:01 | Bridge On The River Tapam |
| 09:23 | Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress |
| 09:54 | World Breastfeeding Week (1st to 7th August) |

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ရာမညမြေမှအလှတရားများ(အပိုင်း-၂)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
Arakan Talented Star
(တေးသံရှင် - ဒိုးကလေးအင်တာဗျူး)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထင်းရှူးတန်းကရိုက်ခံပန်း(အပိုင်း-၂)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
မြေအိုးပြုလုပ်နည်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဗိုင်းမော်အထင်ကရနေရာသို့အလည်တစ်ခေါက်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ဗုဒ္ဓတစ်ထောင်အကောက်တောင်

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
တားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း (ဖလမ်) (၂၁:၀၀ မှ ၂၂:၀၀)**
တာရှန်းရိုးရာတောင်တက်ကပွဲ

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
အုံ့ဖွယ်ရုံးပတီသီးအစွမ်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၄၅ | Sports Diary |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့သတင်းစကား |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | "PR SYSTEM" ရှင်းလင်းပွဲ |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇) |
| ၁၈:၀၀ | Economic Review (အပိုင်း-၁၄) |

### MRTV FARMERS' Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၅ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် (အပိုင်း-၉) |
| ၀၆:၃၅ | တောင်သူ့ဘဝတိုးတက်ဖို့တစ်နှစ်သုံးသီးစိုက်ကြစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | Back To Eden Gardening Documentary Film How To Grow |
| ၂၀:၀၀ | Diary (တစ်နေ့တာဆန်စက်အတွေ့အကြုံ) |
| ၂၀:၃၀ | An Extreme Heat Garden Update |
| ၂၁:၀၀ | ကျားလန်မပိုးတာတေတိုး |

### MRTV SPORTS Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၂၀ | ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း |
| ၀၆:၃၀ | Sports Diary |
| ၀၇:၄၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၉:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဆေး' |

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သား ပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိုးတားလေးကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက်တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အသက် ခုနစ်နှစ် အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဩဂုတ် ၅ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် ကသာမြို့နယ် မြေနုကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀ ခန့် အကွာမှ မိုးတားလေးကျေးရွာသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ ဦးကျော်ဆန်း၏ နေအိမ်အပေါ်သို့ ဖုံးသီးကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်အတွင်းရှိအသက် ခုနစ်နှစ် အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦးတို့တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာများရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။ ထို့ပြင် ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဖုံးသီးများ ကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။



လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများအား ဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီး ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဧရာဝတီတိုင်းဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် မိုင်းခတ်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ashin Thumana” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၅၅)ရပ်ကွက်နေ ဦးသုမန(ခ) သန်းနိုင်အား ဩဂုတ် ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ “Soe Moe Paing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ် (၆) ရပ်ကွက်နေ စိုးမိုးပိုင်အား ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ “Chan Nyein Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက်နေ ချမ်းငြိမ်းဦးအား ဩဂုတ် ၆ ရက် နံနက် ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# TNLA အဖွဲ့ဝင်များက ကျောက်မဲမြို့အတွင်း အလစ်အငိုက်ဝင်ရောက်၍ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦး သေဆုံး၊ ငါးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက်အတွင်းသို့ TNLA အဖွဲ့ဝင်များက အလစ်အငိုက် ဝင်ရောက်၍ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦး သေဆုံးပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအရှေ့သို့ TNLA အဖွဲ့ဝင်များသည် Pajero အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ဖြင့် ပင်လုံလမ်းမကြီး၏ မြောက်ဘက်မှ မောင်းနှင်ရောက်ရှိလာပြီး အုပ်ချုပ်ရေးမှူးရုံးအတွင်းသို့ လက်ပစ်ဗုံးတစ်လုံးဖြင့်ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အုပ်ချုပ်ရေးမှူးရုံးအတွင်း ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦးသေဆုံးခဲ့ပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျောက်မဲမြို့နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# လွိုင်ကော်မြို့၌ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးဟောပြော

လွိုင်ကော် ဩဂုတ် ၆

လွိုင်ကော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်းပါဝင်သော အုပ်ချုပ်ရေးစစ်ကြောင်း၊ နိုင်ငံရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း၊ စည်းရုံးရေးစစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးစစ်ကြောင်းတို့က နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရပ်ကွက်/ကျေးရွာရှိ ပြည်သူများအား တွေ့ဆုံဆွေးနွေး ဟောပြောခြင်းကို ယမန်နေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့ ပန်ကန်းရပ်ကွက် မှုံပြာကျေးရွာ အဘယသုခဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ လွိုင်ကော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်မိုးထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဌာနဆိုင်ရာများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရန် ကွင်းဆင်းလာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပါဝင် ဆွေးနွေးပေးကြစေလိုကြောင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်ချက်အလိုက် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က နိုင်ငံရေးဖြစ်စဉ်အဆင့်ဆင့်ပြောင်းလဲလာမှု အခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ပြည်သူလူထုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ် အကြောင်းအရာများကို လည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနနှင့် တပ်မတော် ဆေးတပ်ဖွဲ့များက တက်ရောက်လာကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု များဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများအလိုက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဖားကန့်မြို့နယ် မှော်စီစာကျေးရွာရှိ ရေကန်၌ ကမ်းပါးပြိုကျမှုကြောင့် လေးဦးပါသွားပြီး အမျိုးသမီးတစ်ဦး သေဆုံး

ဖားကန့် ဩဂုတ် ၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မှော်စီစာကျေးရွာဘေးရှိ ရေကန်အစပ်တွင် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီက ကမ်းပါးယံမြေစာပြိုကျမှုကြောင့် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်နှစ်ဦး မျောပါသွားခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မှော်စီစာကျေးရွာဘေးရှိရေကန်အစပ်၌ မှော်စီစာကျေးရွာတွင်နေထိုင်သော ဒေါ်မိုးကြည်၊ မောင်အောင်ကြယ်ဇင်လင်း၊ မောင်ဖြိုးခန့်အောင်နှင့် ဒေါ်ခင်ဆွေမာတို့လေးဦး ရေဆင်းချိုးနေကြစဉ် ကမ်းပါးပြိုကျမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်နှစ်ဦးတို့ကို ကျေးရွာဒေသခံများက ပြန်လည်ဆယ်ယူကယ်တင်နိုင်ခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များက မွန်းလွဲ ၂ နာရီတွင် သေဆုံးနေသော ဒေါ်ခင်ဆွေမာ၏ရုပ်အလောင်းအား ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ သေဆုံးသူအမျိုးသမီးအလောင်းအား လုံးခင်းကျေးရွာ သင်္ဂဟလူမှုကူညီရေးအသင်းမော်တော်ယာဉ်ဖြင့် နေအိမ်သို့ သယ်ဆောင်သွားခဲ့ပြီး လုံးခင်းကျေးရွာသုသာန်တွင် သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၂၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၅ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၀ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်

**တင်ထက်ထက်ဇော်**

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားသည် သဘာဝသယံဇာတအရင်းအမြစ် အလွန်အကျွံထုတ်ယူမှု၊ စက်ရုံ၊ အလုပ်ရုံများ၊ ယာဉ်အန္တရာယ်အမျိုးမျိုးမှ အခိုးအငွေ့များ၊ ဓာတ်ငွေ့များ၊ အမှုန်များ စွန့်ထုတ်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပြဿနာကို ရင်ဆိုင်နေကြရသည်။ ထိုမှတစ်ဆင့် ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ကာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိခိုက်ခံစားရန် အလွန်လွယ်ကူသည့်အနေအထားတွင် ရှိသည့်အပြင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအမျိုးအစားမှာလည်း စုံလင်သည်ကို တွေ့မြင်ကြရသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များတွင် မီးဘေးကြောင့် ဆုံးရှုံးမှုအများဆုံးဖြစ်သကဲ့သို့ ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုမှာလည်း ဒုတိယအများဆုံးဖြစ်သည်။

**WMO ၏သတိပေးချက်**

ယနေ့ကာလသည် ကမ္ဘာကြီးတစ်ခုလုံး၌ ပြင်းထန်သောအပူလှိုင်းများ ဖြစ်ပေါ်ခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်း စသည်ဖြင့် ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်ကို သိသိသာသာခံစားနေကြရသည်။ ကုလသမဂ္ဂ၏ ကမ္ဘာ့မိုးလေဝသဆိုင်ရာအဖွဲ့ (WMO) က စောစီးစွာသတိပေးထားသောစနစ်များက သေဆုံးမှုများကို ပိုနည်းစေသည်ဆိုသော်လည်း မိုးလေဝသနှင့်ဆက်စပ်နေသော ဘေးအန္တရာယ်များသည် လွန်ခဲ့သည့် နှစ် ၅၀ အတွင်း မြင့်တက်လာပြီး ကြီးမားလာသော စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်ဟု ယခုနှစ် မေလအတွင်းက ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ပြင်းထန်မိုးလေဝသ၊ ရာသီဥတု၊ ရေတို့နှင့် ဆက်စပ်နေသောဖြစ်ရပ်များကြောင့် ၁၉၇၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အကြားတွင် ကမ္ဘာတစ်ဝန်း၌ ဘေးအန္တရာယ် ၁၁၇၇၈ ခုကို ဖြစ်စေခဲ့သည်ဟုဆိုသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ်ဖြစ်လေ့ရှိသည်။ ဇွန်လ(မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လ (မိုးလယ်ကာလ) တွင် တစ်ကြိမ်နှင့် စက်တင်ဘာလမှ အောက်တိုဘာလ (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ဖြစ်ပေါ်လေ့ရှိသည်။ မြန်မာနိုင်ငံ၌ မုတ်သုံဝင်ပြီးနောက် စတင်သည့်မိုးဦးကာလ (ဇွန်လ) တွင် မိုးနည်းနေရာမှ ဇူလိုင်၊ ဩဂုတ်နှင့် မိုးလယ်ကာလတို့တွင် မိုးများနိုင်ပြီး ရေဘေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း မိုးလေဝသပညာရှင်များက နှစ်စဉ်သတိပေးထားပါသည်။

**ရေလွှမ်းမိုးမှုမဖြစ်မီ ကြိုတင်ဆောင်ရွက်ရန်**

မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်ကြံ့ခိုင်မှုကို စစ်ဆေးထားရပါမည်။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ် ကြိုတင်သတ်မှတ်ထားရပါမည် (ဥပမာ အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့် နေရာများ၊ အဆောက်အအုံများ)။ ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိရပါမည်။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိရန် လိုအပ်ပါသည်။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားသင့်ပါသည်။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားရန် လိုအပ်ပါသည်။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရပါမည် (ဥပမာ အသက်ကယ်အင်္ကျီ၊ ဖောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ တာယာကျွတ်)။ ရေလွှမ်းမိုးသောလက္ခဏာသိမြင်ရပါက လျှပ်စစ်မီးခလုတ်များကို ပိတ်ထားရပါမည်။



မိမိပတ်ဝန်းကျင်ရှိမြစ်၊ ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားရှိရပါမည်။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်စေနိုင်သောနေရာများကို မြင်သာသောအမှတ်အသားထားရှိရပါမည်။ မိမိနေထိုင်သောအရပ်ဒေသ၏ ရေလွှမ်းမိုးနိုင်သောအန္တရာယ်အနေအထားနှင့် ဒေသမြေမျက်နှာပြင်ရှိအနေအထားကို ကြိုတင်သိအောင် လေ့လာထားရပါမည်။ ပတ်ဝန်းကျင်ကုန်းမြေအနေအထားနှင့် မိမိဒေသအနီးတစ်ဝိုက်တွင်ရှိသော ချောင်းများ၊ တာတမံများနှင့် မည်သို့ဆက်စပ်မှုရှိကြောင်းကို ခြုံငုံကြည့်ထားရန် လိုအပ်ပါသည်။ ထိုသို့ကြိုတင်လေ့လာထားခြင်းဖြင့် မိုးသည်းထန်စွာရွာသောအခါ မိမိနေထိုင်ရာ၊ အလုပ်လုပ်ရာနေရာများကို မည်သို့မည်ပုံအကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ခန့်မှန်း၍ ရနိုင်မည်ဖြစ်သည်။ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်သော ရေလွှမ်းမိုးမှုနှင့် ပတ်သက်သည့် သတိပေးချက်များကို နားထောင်ပါ။ ရေလွှမ်းမိုးသောလက္ခဏာများကို သတိဖြင့် အမြဲစောင့်ကြည့်ရန်လိုပါသည်။ အန္တရာယ်ကင်းအောင် ကြိုတင်တွက်ဆရှောင်ရှားနိုင်ရန် အရေးကြီးပါသည်။

**ရေကြီးခြင်းဖြစ်ပေါ်နေချိန် ရှောင်ရှားရန်**

ရေထဲတွင်ရေကူးခြင်း၊ လမ်းလျှောက်ခြင်း မပြုလုပ်သင့်ပါ။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။ အိမ်မွေးတိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်သင့်ပါ။ ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားရန် အရေးကြီးသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။ သောက်သုံးရေသန့်သို့မဟုတ် ကျိုချက်ထားသောရေသို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။ သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။

**ရေလွှမ်းမိုးပြီးနောက် ဆောင်ရွက်ရန်**

မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။ အမှိုက်များကို စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များကို စနစ်တကျမီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းများပြုလုပ်ရပါမည်။ အကယ်၍ ကူညီပြုစုစောင့်ရှောက်မှု အထူးလိုအပ်နေသော သက်ကြီးရွယ်အိုများ၊ မွေးကင်းစကလေးငယ်များနှင့် မသန်စွမ်းသူများရှိပါက အကူအညီပေးပါ။ သဘာဝဘေးအန္တရာယ် ကျရောက်နေသောနေရာများကို ရှောင်ကြဉ်သင့်ပါသည်။ ရေကြီးရေလျှံဖြစ်ပွားပြီးနောက် ရေဝင်ထားသည့် အဆောက်အအုံများအတွင်းသို့ အထူးသတိပြု၍ဝင်ရောက်ပါ။ (ရေကြီးခြင်းနှင့်အတူ မျောပါလာသော အဆိပ်ရှိမြွေများ၊ ကင်းများ ရှိနေတတ်သည်)။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်၊ သစ်ကိုင်းများကို သတိပြုရှောင်ရှားရန် လိုပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်နေပါက သက်ဆိုင်ရာကို သတင်းပို့ပါ။ ရေကြီး၍ရေစိုသွားသော အစားအစာများကို စွန့်ပစ်ရပါမည်။ သောက်သုံးရန်နှင့် ချက်ပြုတ်ရန် ရေများကို မသုံးမီ ၁၀ မိနစ်ခန့် ကျိုချက်ပါ။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုနေထိုင်သင့်ပါသည်။

**ကူးစက်တတ်သောရောဂါများဖြစ်ပွားနိုင်**

ရေကြီးရေလျှံပြီးနောက်တွင် အူရောင်ငန်းဖျားရောဂါ၊ အဖျားရောဂါ၊ လက်ပိတိုစပိုင်ရိုးဆစ်ရောဂါ၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ အစရှိသည့် ရေကြောင့်ဖြစ်သောရောဂါများ ဖြစ်ပွားနိုင်၍ ပြည်သူများအနေဖြင့် သတိပြုသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။ အဆိုပါရောဂါများမှ ဘေးကင်းစေရန်အတွက် သိုလှောင်ထားသောရေကို အသုံးမပြုမီ လက်သန့်ရှင်းရေးပြုလုပ်ခြင်း၊ အစားအသောက်၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ခြင်း၊ အစားအစာများကို စနစ်တကျသိမ်းဆည်းခြင်း၊ အစာမစားမီနှင့် အိမ်သာတက်ပြီးနောက်တွင် လက်ကို စင်ကြယ်စွာဆေးကြောခြင်း၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများကို ကာကွယ်ရန် ခြင်ထောင်ကို အသုံးပြုခြင်းနှင့် ဖျားနာမှုရောဂါလက္ခဏာများရှိလာလျှင် ဆရာဝန်နှင့် တိုင်ပင်ကုသရမည်ဖြစ်ကြောင်း သတိပေးထားသည်။

ထို့ပြင် ကိုဗစ်-၁၉ အတွက် ကြိုတင်ကာကွယ်ရမည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အပြုအမူများကို ရေဘေးရှောင်စခန်းများတွင်လည်း ဆက်လက်လိုက်နာရန် လိုအပ်ကြောင်း သတိပေးထားသည်။ ရွှေ့ပြောင်းစခန်း သို့မဟုတ် ယာယီအဆောက်အအုံများထဲတွင် တစ်ကိုယ်ရေသုံးပစ္စည်းများ မျှဝေသုံးစွဲခြင်းကို ရှောင်ကြဉ်သင့်ပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း သို့မဟုတ် အသက်ရှူမဝခြင်းတို့ဖြစ်ပေါ်လျှင် သက်ဆိုင်ရာ ယာယီအဆောက်အအုံတာဝန်ခံများကို ချက်ချင်းအကြောင်းကြားရမည်ဖြစ်ကြောင်း သတိပေးထားသည်။

**ရေသန့်ဆေးပြားကို အသုံးပြုသင့်**

အရေးပေါ်အခြေအနေအဖြစ် လေမုန်တိုင်းကျရောက်သည့်နေရာများတွင် FDA အသိအမှတ်ပြုရေသန့်များရရှိရန် အခက်အခဲရှိသည့်အခါမျိုးတွင် ရေသန့်ဆေးပြား (Water Purification Tablet) များကို အသုံးပြုရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။ ရေသန့်ဆေးပြားအသုံးပြုလျှင် ရေပမာဏ ၁၀ လီတာအတွက် ဆေးပြားတစ်ပြား ခတ်ရမည်ဖြစ်ပြီး အနည်မပါသောရေတွင် အသုံးပြုသင့်ကြောင်းနှင့် အကယ်၍ အနည်ပါဝင်သောရေဖြစ်ပါက ရေစစ်ဖြင့် အနည်များကို စစ်ထုတ်ပြီးမှ ရေသန့်ဆေးပြားကို အသုံးပြုသင့်ကြောင်း သတိပေးထားသည်။

ဆွစ်ဇာလန်နိုင်ငံရှိ Intergovernmental Panel on Climate Change – IPCC ခေါ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအဖွဲ့၏ တွက်ချက်မှုများအရ ၂၀၁၀ ပြည့်နှစ်မှ ၂၀၄၀ ပြည့်နှစ်အတွင်း တောင်အာရှ၊ အရှေ့တောင်အာရှဒေသများတွင် ပျမ်းမျှအပူချိန် ၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ် ပိုလာနိုင်ပြီး နှစ်စဉ်မိုးရေချိန် အနုတ် ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၂ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း၊ မုတ်သုံကာလတွင် မိုးပိုလာပြီး မုတ်သုံပြင်ပကာလနှင့် ဆောင်းရာသီတို့တွင် မိုးရွာမှု အနည်းငယ်လျော့နည်းမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

လာမည့်နှစ် ၂၀ အတွင်း ရာသီဥတုမျှော်မှန်းချက်မှာ မုတ်သုံမိုးပိုလာနိုင်ပြီး မုတ်သုံအားကောင်းခြင်းကြောင့် မိုးကြီး၊ ရေကြီးခြင်းများ ဖြစ်နိုင်သကဲ့သို့ အပူချိန်တိုးလျှင်လည်း ယခုထက်ပိုနွေးသောနေ့ ပမာဏများခြင်း၊ ပူပြင်းခြောက်သွေ့သောနေ့များလာသည်နှင့်အမျှ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် မိုးလေဝသနှင့် ဇလဗေဒက ထုတ်ပြန်သောခန့်မှန်းချက်များကို စောင့်ကြည့်ပြီး အကြံပြုချက်များကို လိုက်နာကြရန်လိုပါသည်။

အချုပ်အားဖြင့်ဆိုသော် ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များသည် ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာစေရေးမှာ စွမ်းဆောင်ရည်ရှိသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအပေါ်တွင် မူတည်နေပါကြောင်းနှင့် အထက်ဖော်ပြပါ ရှောင်ရန် ဆောင်ရန်များကို လိုက်နာကျင့်ဆောင်ကြရင်း ရေဘေးအန္တရာယ် ကင်းဝေးကြစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

> **မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ်ဖြစ်လေ့ရှိသည်။ ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လ (မိုးလယ်ကာလ) တွင် တစ်ကြိမ်နှင့် စက်တင်ဘာလမှ အောက်တိုဘာလ (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ်ဖြစ်ပေါ်လေ့ရှိသည်။ မြန်မာနိုင်ငံ၌ မုတ်သုံဝင်ပြီးနောက် စတင်သည့်မိုးဦးကာလ (ဇွန်လ) တွင် မိုးနည်းနေရာမှ ဇူလိုင်၊ ဩဂုတ်နှင့် မိုးလယ်ကာလတို့တွင် မိုးများနိုင်ပြီး ရေဘေးအတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်**

# ဘားအံမြို့နယ်၌ မိုးစပါး ၄၇၅၂၈ ဧက စိုက်ပျိုးပြီးစီး၊ စိုက်ပျိုးစွမ်းအားမြှင့်တင်နိုင်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် မြေပြင်ကြည့်ရှုစစ်ဆေး



ဘားအံ ဩဂုတ် ၆

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇွန်လမှ အောက်တိုဘာလကုန်ထိ မိုးစပါးဧက ၁၁၉၀၄၃ ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ မိုးစပါး ၄၇၅၂၈ ဧက ရာခိုင်နှုန်းအား ဖြင့် ၄၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးကာ စွမ်းအားပြည့် ထွန်ယက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မြေပြင်ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ကွင်းအမှတ် ၁၁၈၄၊ ထောင်ဝိ ကွင်း၌ မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးမှု၊ ဘားအံ မြို့နယ် ရဲသာ(ကမော့ကစင်)ကျေးရွာ ကွင်းအမှတ် ၁၁၈၆၊ ကမော့ကစင် အရှေ့ကွင်းတွင် တောင်သူများ ထွန်ယက်စိုက်ပျိုးနေမှု၊ ဘားအံမြို့နယ် လှိုင်ကမ္ဘာ ကျေးရွာအုပ်စု ကော့နန်းသာကျေးရွာ ကွင်း အမှတ်-၁၁၉၂ (က)ရေတံခွန်းကွင်းတွင် တောင်သူများ ထွန်ယက်စိုက်ပျိုးပြီးစီးမှု၊ လက္ခဏာကျေးရွာနှင့် ခလောက်ထောင်ကျေးရွာတို့တွင် မိုးစပါးထွန်ယက် စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးတင်ပြ**

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက် ပေးရမည့်ကိစ္စရပ်များကို မေးမြန်းဆွေးနွေးရာ တောင်သူများက သွင်းအားစုများအား သက်သာသော နှုန်းထားဖြင့်ရရှိနိုင်ရေး၊ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သော ရေသွင်း၊ ရေထုတ်မြောင်းများ၊ Box Culvert များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မြိတ်ခရိုင်အတွင်း ရေငန်ငါး/ပုစွန် တိုးချဲ့မွေးမြူနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မြိတ် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ရေငန်ငါး/ပုစွန်တိုးချဲ့မွေးမြူရေး အလုပ်ရုံဆွေးနွေး ပွဲကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် မြိတ်ခရိုင်အတွင်းရှိ ရေငန်ငါး/ပုစွန်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းရှင် များ၊ ပညာရှင်များ ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီး ဦးမောင်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြိတ်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မင်းဦးက ရေငန်ငါး/ပုစွန် တိုးချဲ့ မွေးမြူရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှသန်းက ရေငန်ပုစွန် တိုးချဲ့မွေးမြူဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ရေငန်ငါး/ပုစွန်တိုးချဲ့ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာရရှိရေး၊ သားပေါက်ရရှိရေး၊ အစာရရှိရေး၊ ဈေးကွက်အခြေအနေများနှင့် အခက်အခဲများ၊ ဒေသနှင့်ကိုက်ညီသော ငါးအမျိုးအစားများ ရွေးချယ် ခြင်းများကို မွေးမြူရေးလုပ်ငန်းရှင်များက ဆွေးနွေး ခဲ့ကြရာ မွေးမြူရေးပညာရှင်များ၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့်သုတေသနဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး စီးပွား ရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား သည်။ **မြို့နယ်(ပြန်/ဆက်)**



# ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းလုပ်ကိုင်သူနည်းလာ

**ရေစကြို ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူ ခရိုင် ရေစကြိုမြို့နယ် ထန်းငယ် တောကျေးရွာတွင် တစ်ရွာလုံး နီးပါး မြန်မာ့ရိုးရာရက်ကန်း လုပ်ငန်း လုပ်ကိုင်လာကြရာမှ ယခုအခါ မြန်မာ့ရိုးရာရက်ကန်း လုပ်ငန်း ရက်ကန်းစင် ငါးစင် လောက်သာကျန်ရှိတော့ကြောင်း ခေတ်အဆက်ဆက် မိရိုးဖလာ ရက်ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့သည့် ဦးမြသော်က ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာရက်ကန်း လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်လာခဲ့ရာ ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်း ဖြင့် မိသားစုဘဝရပ်တည်လုပ်ကိုင် လာခဲ့ရာမှ ပြည်ပမှဝင်ရောက် လာသည့် စက်ရက်ထည်များကို ဈေးကွက် မယှဉ်ပြိုင်နိုင်ဘဲ တဖြည်းဖြည်း မြန်မာ့ရိုးရာ ရက်ကန်းရက် လုပ်ငန်းများ ပျောက်ကွယ်လုနီးပါးဖြစ်လာနေ ပြီဖြစ်ကြောင်း ရက်ကန်းရက် လုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။



**ရှင်းပြ**

မြန်မာ့ရိုးရာ ချည်ထည်စစ်စစ် ရက်ကန်းရက်လုပ်ငန်းများ ခေတ် ကောင်းစဉ်အခါက ဝါဒစောင်၊ မုဒုံစောင်၊ လက်သုတ်ထည်၊ ကချင်ထည်(မြစ်ကြီးနား) တို့ကို သာ ရက်လုပ်ရောင်းချခြင်းဖြင့် မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်း လုပ်ကိုင်နေရကြောင်း၊ ယခု ရက်လုပ်နေသည့် ကချင်ထည် (မြစ်ကြီးနား)ထည် ရက်လုပ်ရန် အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ထွက်ရှိသည့် နှစ်တစ်ရာချည်ခေါ် ချည်ချောအား မှာယူရက်လုပ်ကြကြောင်း ဦးမြ သော်က ပြောသည်။

မြန်မာ့ရက်ကန်းစင်များသည် လည်း စက်ရက်ကန်းကဲ့သို့ လိုချင်သည့်အရောင် ရက်လုပ်၍ ရကြောင်းနှင့် ကချင်ထည် (မြစ်ကြီးနား) ထည်တစ်မျိုးထဲ သာ အရောင်အမျိုးမျိုးဖြင့် အမျိုး သမီးဝတ်ဝမ်းဆက် ရက်လုပ်ကြ ကြောင်း၊ အမျိုးသမီးဝတ်ဝမ်းဆက် တစ်စုံရဖို့ သုံးရက် ရက်လုပ်ရပြီး အင်မတန် ကျွမ်းကျင်သည့် ရက်ကန်းရက်သမ သာလျှင် သုံးရက် ရက်လုပ်ခြင်းဖြင့် ဝမ်းဆက်တစ်စုံ ရရှိကြောင်း၊ အတော်အတန်ကျွမ်းကျင်ရုံဖြင့် အမျိုးသမီးဝမ်းဆက်တစ်စုံ လေး ငါးရက် ရက်လုပ်မှ ဝမ်းဆက် တစ်စုံရရှိကြောင်း ရက်ကန်း လုပ်ငန်းကျွမ်းကျင်သူ မအေးမိဖြိုး က ပြောသည်။ ကချင်ထည် အမျိုးသမီးဝတ် ဝမ်းဆက်တစ်စုံ ငွေကျပ် ၁၂၀၀၀ ရရှိကြောင်း၊ ကချင်ထည် ပြန်ရောင်းဈေး ငွေကျပ် ၃၂၀၀၀ ရရှိကြောင်း ကချင်ထည်ပွဲစားများ ရက်ကန်းစင် ထိ လာရောက်ဝယ်ယူကြပြီး မြစ်ကြီးနားမြို့သို့ ဆက်လက် ပို့ဆောင်ရောင်းကြကြောင်းလည်း ရက်ကန်းစင် ပိုင်ရှင် ဦးမြသော်က ပြောသည်။

မိရိုးဖလာ ရက်ကန်းရက်လုပ် ရာတွင် ရက်ကန်းစင်တစ်ခု တွင်ပါရှိရမည့် အင်္ဂါအစိတ်အပိုင်း များမှာ လက်ခက်၊ ယင်သွား၊ နှပ်၊ ဇာခြည်နှပ်၊ လိပ်ပြာတောင်၊ ပွတ်လုံး၊ လိမ့်တုံး၊ ချူ၊ လိပ်တုံးခွံ၊ ခြေနင်းဝါးနှစ်လုံး၊ ဇာခြည်ဝါး တစ်လုံး၊ ဘရိတ်၊ ဘရိတ်တံ၊ စီး ကြောင်း၊ စီး၊ နှပ်ပိုးတံ၊ သားရေသီး၊ ဒက်သီးတပ်သံလုံး၊ လွန်းရက် ဖောက်၊ ရက်ကန်းခြေနင်း၊ ကြိုး၊ ရက်ကန်းယောက်ခုံ (ရစ်ခုံ)၊ ရက်ကန်းယောက်ခုံမှာ ပုံစံ အမျိုးမျိုးရှိကြောင်း၊ အချို့မှာ စက်ဘီးခွေဖြင့်ရစ်ခြင်း၊ အချို့မှာ ရစ်ခုံဖြင့်ရစ်ခြင်းများ အမျိုးမျိုး ကွဲပြားပြီး မြန်မာ့ရိုးရာ ရက်ကန်း လုပ်ငန်း ပျောက်ကွယ်လုနီး ဖြစ်နေပြီဖြစ်ကြောင်း ရေစကြို မြို့နယ် ထန်းငယ်တောကျေးရွာ မိရိုးဖလာရက်ကန်းလုပ်ကိုင်လာ သည့် ဦးမြသော်က ပြောသည်။ **ဒီပါလင်း**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**၁၉-၇-၂၀၂၃ ရက်မှအဆက်**

"အဲသဟာကြောင့်မို့ ထန်းပင်များ ပေါက်ရောက် စိုက်ပျိုးထားတဲ့မြေဟာ အဲသည် "ပုဒ်မ ၄၊ ပုဒ်မခွဲ ၁၊ အပိုဒ်ငယ် (ဂ) က ဆိုထားတဲ့ ယာမြေမျိုးထဲမှာ အကျုံးဝင်နေတဲ့အတွက် မြေခွန်တော်ရဲ့ နှစ်ဆသာ ပေးသင့်ပါတယ်။ သို့ပေမဲ့ အခု ကျွန်တော်တို့ ငါးစုတစ်စု ပေးထားထာ ဟာ မြေခွန်ခေါ် ထန်းခွန်တော်ရဲ့ ၁၅ ဆ လောက် ဖြစ်နေပါတယ်။

"သည်နေရာမှာ အစိုးရကို မြေခွန် တော်လို့ ခေါ်ဆိုနိုင်တဲ့ ထန်းခွန်တော် မပေးဆောင်ရတဲ့အတွက် အခုလို သီးစားနှုန်း တွက်ချက်တဲ့နေရာမှာ ဘယ်ဟာကိုစံပြုသလဲလို့ မေးစရာ၊ အငြင်းပွားစရာ အကြောင်းရှိပါတယ်။ အဲဒါကို ကျွန်တော် လူကြီးမင်းများ နားရှင်းသွားအောင် ရှင်းပါရစေ။ ဒီလိုပါ။ လူကြီးမင်းများ သိတော်မူတဲ့အတိုင်း ထန်းပင်တွေဟာ ထန်းခွန်တော် မပေးဆောင်ရပါဘူး။ သည်လို ထန်းခွန်တော် လွတ်ငြိမ်းခွင့်ရလာတာဟာ ၁၉၄၀-၄၁ ခုနှစ် အင်္ဂလိပ်ခေတ် နန်းရင်းဝန် ဂဠုန် ဦးစော လက်ထက်ကတိုင် ဒီနေ့အထိ ပါပဲ"

ခန်းမဆောင်အတွင်းရှိ လူများသည် အပ်ကျသံ ကြားလောက်အောင်ပင် တိတ်ဆိတ်နေကြကာ ဦးစံကျော်၏ တင်ပြချက်များကို စိတ်ဝင်စားနေကြသည်။

"အဲသည်တော့ ပေးရတဲ့ ဟိုခေတ် အချိန်က ထန်းခွန်တော်ကို "စံ" ထားပြီး တော့ တင်ပြပါရစေ။ ကျွန်တော်တို့ မြန်မာရှင်ဘုရင်များ လက်ထက်က ဆိုရင်လည်း ဘိုးဘွားပိုင် ထန်းများဟာ အခွန်တော် မပေးဆောင်ရပါဘူး။ လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ပါတယ်။ အရာတော် ထန်းများမှသာ အခွန် ပေးဆောင်ရပါတယ်။ အရာတော်ထန်း ဆိုတာက ဘုရင်မင်းမြတ်များပိုင်ဆိုင် တဲ့ ထန်းတောများကို ဆိုလိုပါတယ်။ သည်နေရာမှာလည်း တက်တဲ့ထန်းပင်မှ ပေးဆောင်ရပါတယ်။ မတက်ရင် မပေး ရပါဘူး။ သည်အရာတော် ထန်းတက်ရ တစ်ပင်မှ "ခဲမကြေး" တစ်ပိဿာပဲ အခွန်တော် ပေးဆောင်ရပါတယ်။ ငွေတစ်ကျပ်မှာ ခဲမကြေးပိဿာတစ်ဆယ် ရလို့ အရာတော်ထန်း ငါးဆယ်တက်တဲ့ ထန်းတက်သမား တစ်ယောက်ဟာ တစ်နှစ်လုံးမှ ငွေ ၅ ကျပ်သာ အခွန်ပေး ဆောင်ရပါတယ်။

"တစ်ခါ အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းပိုက်အုပ်စိုးလာတဲ့ အခါကျတော့ ထန်းကို အခွန်ကောက်ခံတဲ့အခါ အရပ် ဒေသလိုက်လို့လည်းကောင်း၊ ထန်းသန် မသန်လိုက်လို့လည်းကောင်း၊ ထန်းတက်ရ မတက်ရ လိုက်လို့ လည်းကောင်း အတန်းအမျိုးမျိုး အစားစား ခွဲခြားပြီး တော့ အခွန်တော် စည်းကြပ်ကြပါတယ်။ သည်အခါကျတော့ ဘိုးဘွားပိုင် ထန်း တွေလည်း အခွန်ပေးရပါတယ်။ အသိ လွယ်ဆုံးပြောရမယ်ဆိုရင် ဥပမာ၊ ထန်း သမားတစ်ယောက်ဟာ ထန်းအပင် ငါးဆယ်တက်ခဲ့လို့ရှိရင် တစ်နှစ်လုံး အတွက်မှ ဘယ်နှသီးပဲတက်တက် ငွေ ၁၀ ကျပ်လောက်သာ အခွန်ပေးဆောင်ခဲ့ ကြရပါတယ်။

"ဒါကြောင့်မို့ ကျွန်တော်တို့က ထန်း ပိုင်ရှင်များကို သီးစားခအဖြစ် ငါးစုတစ်စု ပေးတာဟာ တရားမျှတပါတယ်။ ခုတင် က ကျွန်တော်တင်ပြခဲ့တဲ့ ထန်းခွန်တော် နှုန်းရဲ့ နှစ်ဆသာ တွက်ချက်ပေးရမယ် ဆိုရင် ထန်းတတက်ဟာ အပင် ၅၀ လောက်သာ အတက်များတာမို့ထန်းသမား တစ်ယောက်ဟာ ထန်းပိုင်ရှင်ကို တစ်နှစ် လုံးအတွက်မှ "သီးစားခ" ငွေအားဖြင့် တစ်ပင်မှ ပြား ၄၀ နှုန်းဖြင့် ထန်းတ တက်မှာ ငွေ ၂၀ ကျပ်ပဲ ပေးရပ့ါမယ်။ ထန်းလျက်ပေးမယ်ဆိုရင်လည်း ကာလ ပေါက်ဈေး ပျမ်းမျှခြင်း ၆၀ ကျပ် ဈေးနှုန်း နဲ့ ထန်းတစ်ပင်မှာ ၆၀ ကျပ်သားကျော်၊ ထန်းတတက်မှာ ပိဿာချိန် ၃၀ ကျော်ပဲ ပေးရပါမယ်။

"အခု ကျွန်တော်တို့ လက်ရှိပေးနေတဲ့ ငါးစုတစ်စုစနစ်ကို တွက်ပြရမယ်ဆိုရင် ထန်းတစ်ပင်ဟာ တစ်နှစ်မှာ တစ်သီးစား ဆိုရင် ပျမ်းမျှ ထန်းလျက် ၂၅ ပိဿာ ရပါတယ်။ နှစ်သီးစားဆိုရင် ၃၅ ပိဿာ လောက်မှ အချိန် ၅၀ ခန့်ထိရပါတယ်။ အဲဒီတော့ နှစ်သီးစား အတက်များတာမို့ ထန်းလျက် ၅၀ ပဲ ထားပါ။ ဒီတစ်ပင်မှာ ထွက်တဲ့ထန်းလျက်ကို ငါးစုတစ်စု ပေးတဲ့အခါ ထန်းလျက်ဆယ်ပိဿာ ပေးပါမယ်။ အဲသည့်နှုန်းအရ ထန်းတ တက်မှာ အချိန် ၅၀၀ နှုန်းနဲ့ပေးပါမယ်။ ငွေအားဖြင့်ပေးရမယ်ဆိုရင် ဥပမာ ကာလပေါက်ဈေးတန်ဖိုးနဲ့ ထန်းတစ်ပင် ၆ ကျပ်၊ ထန်းတတက်မှာ ကျပ်ငွေ ၃၀၀ ကျပ် ပေးရပါမယ်။ အခု ထန်းတတက် ငါးစုတစ်စုနှုန်းနဲ့ ထန်းလျက် ၅၀၀ ပေးနေရတဲ့ ထန်းသမားတစ်ယောက်ဟာ အရင် သုံးစုတစ်စုနှုန်းနဲ့ ပေးစဉ်ကဆိုရင် ထန်းလျက် ပိဿာ ၈၀၀ ကျော် ပေးခဲ့ရပါ တယ်။ သည်တော့ အခု ငါးစုတစ်စုနှုန်းနဲ့ တွက်ရင် ထန်းလျက် ပိဿာ ၃၀၀ ခန့်သာ လျှော့ပေးခဲ့ခြင်းပါ။

အဲသည်တော့ အခု ကျွန်တော်တင်ပြ သွားတဲ့ နိုင်ငံတော်အစိုးရက သီးစားခ ပေးဖို့ ဥပဒေက သတ်မှတ်ထားတဲ့နှုန်းနဲ့ အခု ကျွန်တော်တို့ လက်ရှိပေးနေတဲ့ ငါးစုတစ်စု စံနှုန်းထားကို နှိုင်းယှဉ်ကြည့် လိုက်မယ်ဆိုရင် ၁၅ ဆ လောက်တောင် ပိုပေးနေရတဲ့အတွက် အခု ကျွန်တော်တို့ ထန်းလျက်စု ငါးစုတစ်စုပေးနေတဲ့ စနစ်ဟာ ပေးသင့်ပေးထိုက်တာထက် ပို၍တောင် ပေးနေရခြင်းဖြစ်ပါတယ် ဆိုတဲ့အကြောင်း လူကြီးမင်းများ နှိုင်းချိန် ဝေဖန်နိုင်ရန် တင်ပြပါတယ်ခင်ဗျာ"

ဦးစံကျော် ထိုင်ချလျှင် ခန်းမကြီးထဲရှိ လူအားလုံးတို့၏ ပါးစပ်မှ တီးတိုးစကား ပြောသံများ ထွက်ပေါ်လာသည်။ ကိုအေးဆွေတို့ဘက်မှ အချို့ထန်းသမား များမှာ ကျေနပ်ဟန် လက္ခဏာပြနေ သော်လည်း အချို့သည် စိတ်တထင့် ထင့်နှင့် အားငယ်နေပုံရသည်။ စိတ်ပူ နေပုံရသည်။

ထန်းပိုင်ရှင်များမှာမူ မျက်နှာများ အကြီးအကျယ်ပျက်နေကြကာ ထန်း သမားများဘက်သို့ မျက်စောင်းတခဲခဲ နှင့် ကြည့်နေကြသည်။ ဤသည်ကိုပင် ထန်းသမားအချို့က ၎င်းတို့၏ အဟန့် အရှိန်ကြောင့် လန့်နေပုံရသည်။

လ အ က လူကြီးများသည်လည်း တစ်ဦးနှင့်တစ်ဦး ခေါင်းချင်းဆိုင်၍ ပြောသူက ပြောနေကြကာ ရေးမှတ်သူက ရေးမှတ်နေကြသည်။

ဤအခြေအနေတွင် ကိုအေးဆွေသည် နေရာမှထလိုက်ပြီးလျှင် လ အ က လူကြီးများအား စကားပြောခွင့်တောင်းရာ ၎င်းတို့ကလည်း ခွင့်ပြုလိုက်၏။ ယင်းသို့ ဖြင့် ကိုအေးဆွေသည် ကျန်သောထန်း သမားများကိုယ်စား အချက်အလက်များ ကိုးကား၍ တင်ပြပြန်သည်။

"ကျွန်တော်ဟာ လက်ပံပင်ကျေးရွာ ဘုံထန်းတောနယ်မြေက "စုပေါင်း ထန်းလုပ်ငန်း" အဖွဲ့ရဲ့ အတွင်းရေးမှူး ဖြစ်ပါတယ်။ အခု အဖမ်းခံခဲ့ရပြီး အချင်း ဖြစ်ပွားနေတဲ့ ထန်းသမားလုပ်သားများ ဟာ စုပေါင်းထန်းလုပ်ငန်းအဖွဲ့ရဲ့ အသင်းဝင် ထန်းလုပ်သားများ ဖြစ်ကြပါ တယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ စည်းကမ်း ချက်အရဆိုရင် မည်သည့်ကိစ္စပြဿနာ မဆို စုပေါင်းတာဝန်ယူရတာမို့ အခု ပဋိပက္ခပြဿနာဟာ အဖွဲ့တစ်ခုလုံးနဲ့ သက်ဆိုင်တာဝန်ရှိနေပါတယ်။ အခုလို တင်ပြဆွေးနွေးခွင့် ရတာဟာလည်း အဖွဲ့ရဲ့ဆုံးဖြတ်ချက်နဲ့ တာဝန်ပေးချက် အရဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အဖမ်းမခံရသော်လည်း အဖမ်းခံရသူများ ကိုယ်စား ကျွန်တော့်မှာ တာဝန်ရှိနေပါ တယ်ဆိုတဲ့အကြောင်း လူကြီးမင်းများ ကို ဦးစွာ အစီရင်ခံရခြင်းဖြစ်ပါတယ် ခင်ဗျား။

ဒါကြောင့်မို့ ဆက်လက်ပြီး တင်ပြပါ ရစေ။ အခုလို ထန်းပိုင်ရှင်များက သူတို့ အား သီးစားခ ငါးစုတစ်စုပေးတာဟာ မကျေနပ်ပါဘူးလို့ဆိုတယ်။ တကယ်လို့ ထန်းခွန်တော်နှုန်းရဲ့ နှစ်ဆသာတွက်ပေး ရရင် အခုပေးနေတဲ့စနစ်ဟာ ၁၅ ဆ လောက်ပင်သာနေပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကျေကျေနပ်နပ်နဲ့ မြို့နယ်လုံးဆိုင်ရာ ထန်းသမားညီလာခံ ကြီးရဲ့ဆုံးဖြတ်ချက်အရ ပေးခဲ့ခြင်းပါ။

"ဒီနေရာမှာ လူကြီးမင်းများ ချင့်ချိန် နိုင်ဖို့ "၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂)" ကို ကိုးကား ပါရစေ။ အဲဒီ ဥပဒေပုဒ်မ၊ ပုဒ်မခွဲမှာ ဘယ်လိုဆိုထားသလဲဆိုတော့ "လယ် ယာမြေ တစ်ခုခုပေါ်တွင် ပေးသည့် သီးစားခမှာ စိုက်ပျိုးရေးနှစ် တစ်နှစ်လုံး အတွက်ပေးသည် သီးစားခဖြစ်သည်ဟု မှတ်ယူရမည်။ ထိုလယ်ယာမြေတွင် အဆိုပါ စိုက်ပျိုးရေးနှစ်အတွင်း သီးထပ် သော်လည်းကောင်း၊ သီးညှပ်သော် လည်းကောင်း စိုက်ပျိုးသည့်အတွက် နောက်ထပ် သီးစားခပေးရန် သီးစားခွဲ တာဝန်မရှိစေရ" လို့ ဆိုထားပါတယ်။

"ဒီတော့ ကျွန်တော်တို့ ထန်းသမား တွေမှာ "ထန်းအောက်မြေ" လို့ ရှိပါ တယ်။ "ထန်းအောက်မြေ" ဆိုတာက ထန်းပင်များ ပေါက်ရောက်နေတဲ့ ထန်းပင် အောက်ကမြေကို ဆိုပါတယ်။ ဒီထန်း အောက်မြေမှာ ပြောင်း၊ နှမ်း၊ လူး၊ ဆတ်၊ မြေပဲ စတဲ့သီးနှံများကို အလှည့်ကျ ဆိုသလို ကျွန်တော်တို့ထန်းသမားတွေ ဟာ ကြပက်စိုက်ပျိုးပေးရပါတယ်။ အဲဒီလို စိုက်ပျိုးတဲ့သီးနှံအတွက်ကိုလည်း ကျွန်တော်တို့ဟာ ထန်းပိုင်မြေရှင်ကို သီးစားခအဖြစ် အကျေအလည် ပေးဆပ် ခဲ့ပါတယ်။

"အဲဒီတော့ ဒီမြေတစ်ကွက်ထဲကပဲ ပေါက်တဲ့သီးနှံအတွက် သီးစားခရော၊ ထန်းပင်အတွက် သီးစားခရော တစ်နှစ် အတွင်းမှာ နှစ်မျိုးနှစ်စား ပေးအပ်နေရ ပါတယ်။ ဒီလိုဆိုရင် စောစောက ကျွန်တော်တင်ပြခဲ့တဲ့ "၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂)" အရဆိုရင် ဆန့်ကျင်မနေဘူးလား။ ဒါကို လူကြီးမင်းများ အလေးအနက်ထား ပြီး စဉ်းစားဝေဖန်စေလိုပါတယ်"

ကိုအေးဆွေသည် သူ့စကားကို ဖြတ်လိုက်ကာ လ အ က လူကြီးများအား လေးနက်စွာ စူးစိုက်၍ကြည့်၏။ လ အ က လူကြီးများသည် အလေးအနက်ထား၍ တွေးတောနေပုံရသည်။ အချို့က ရေးမှတ် နေသည်။ တစ်ဖန် ကိုအေးဆွေသည် ထန်းပိုင်ရှင်များဘက်သို့ အမှတ်မထင် လှည့်ကြည့်လိုက်ရာ မိမိအား အံကြိတ်၍ စူးစူးဝါးဝါးကြည့်နေကြသော ထန်းပိုင်ရှင် များအား တွေ့ရ၏။

ကိုအေးဆွေမှာ သူတို့အကြည့်ကြောင့် ကျောထဲတွင် စိမ့်၍သွား၏။ မည်သို့ပင် သူတို့က လုပ်ကြံညစ်ပတ်သော်လည်း ယနေ့ ဆိုရှယ်လစ်ဥပဒေများက မိမိတို့ လုပ်သားပြည်သူများဘက်မှ ရှိနေသည် မဟုတ်ပါလား။

ကိုအေးဆွေက သူ့စကားကို ဆက်ပြန် သည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**




**"ဒီထန်းအောက်မြေမှာ ပြောင်း၊ နှမ်း၊ လူး၊ ဆတ်၊ မြေပဲ စတဲ့သီးနှံများကို အလှည့်ကျဆိုသလို ကျွန်တော်တို့ထန်းသမားတွေဟာ ကြပက်စိုက်ပျိုးပေးရပါတယ်။ အဲဒီလို စိုက်ပျိုးတဲ့သီးနှံအတွက်ကိုလည်း ကျွန်တော်တို့ဟာ ထန်းပိုင်မြေရှင်ကို သီးစားခအဖြစ် အကျေအလည် ပေးဆပ်ခဲ့ပါတယ်။**

**"အဲဒီတော့ ဒီမြေတစ်ကွက်ထဲကပဲ ပေါက်တဲ့သီးနှံအတွက် သီးစားခရော၊ ထန်းပင်အတွက် သီးစားခရော တစ်နှစ်အတွင်းမှာ နှစ်မျိုးနှစ်စား ပေးအပ်နေရပါတယ်။ ဒီလိုဆိုရင် စောစောက ကျွန်တော်တင်ပြခဲ့တဲ့ "၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂)" အရဆိုရင် ဆန့်ကျင်မနေဘူးလား။ ဒါကို လူကြီးမင်းများ အလေးအနက်ထားပြီး စဉ်းစားဝေဖန်စေလိုပါတယ်" ကိုအေးဆွေသည် သူ့စကားကို ဖြတ်လိုက်ကာ လ အ က လူကြီးများအား လေးနက်စွာ စူးစိုက်၍ . . ."**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 4 Signs, instructions and rules
### Lesson 1 : Signs and instructions

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| stop | red | now | yellow | cross |
| wait | see | crash | green | ready |

**Khin Khin:** Hey, can you _____(1)_____ the traffic lights over there?

**Khin Khin's little brother:** Mmm… Yeah I can.

**Khin Khin:** So can you tell me which light it is _____(2)______?

**Khin Khin's little brother:** It is ___(3)____, isn't it?

**Khin Khin:** Yeah right. When it is red, we must ___(4)___ and must wait until it gets green.

**Khin Khin's little brother:** Why must I ___(5)____! I don't want to wait.

**Khin Khin:** Of course you must wait! If you don't wait when it is red, a car may ___(6)____ you.

**Khin Khin's little brother:** When can I ___(7)____ the street then?

**Khin Khin:** You must cross when it is ___(8)____.

**Khin Khin's little brother:** What about the ___(9)___ light?

**Khin Khin:** It means you must get ___(10)___ to cross the street.

********************

**Writing**

**(A)Fill in the blanks with a suitable word form.**

1. (teach) Daw Khin May is our English ____________.
2. (noise) The engine is very ________at high speed.
3. (smoke) ________ is harmful to health.
4. (danger) It is _________ to go out alone at night.
5. (soft) We must speak in the library ____________.

**(B) Supply the correct form of the verb given the brackets.**

(1) (return) I ___________ the books to the library yesterday.
(2) (draw) She __________ a picture of flowers now.
(3) (speak) Can you ___________ English?
(4) (switch) __________ off the lights after use.
(5) (help) Can you ___________ me?
(6) (share) The children __________ the cookies and ate them.
(7) (wash) Daw Lay ________ the clothes now.
(8) (start) What time does the film _________?
(9) (remember) Do you _________ me, Ko Tun?
(10) (raise) _________ your hand if you have a question.

********************

## Grade 6

### Unit 3
### Lesson 2: At the market

**I. Complete the sentences with the words given below.**

| | | |
|---|---|---|
| toy shop | flower shop | grocer's |
| greengrocer's | butcher's | fishmonger's |

1. We can buy fruits and vegetables at ___________.
2. We can buy meat at ________.
3. We can buy food and household items at ___________.
4. We can buy toys and dolls at ___________.
5. We can buy fish and prawns at ___________.

**II. Supply the correct form of the verbs given in brackets.**

1. (go) She _______ to work by bus every day.
2. (walk) They _____ to school yesterday.
3. (locate) Our school is ______ on the main road.
4. (come) They _____ to us last night.
5. (welcome) Our teacher _____ new students to the school.
6. (sell) Daw Mya ______ mangoes in the market.
7. (buy) Uncle Soe _______ a new smartphone today.
8. (smell) We are ______ something burning.
9. (enjoy) I ______ reading books in my free time.
10. (make) Mother _______ a meal for us at the moment.

**III. Answer the questions.**

1. How old is Nyo Nyo?
2. What does Nyo Nyo like to do with her mum on Sundays?
3. How do Nyo Nyo and her mum usually get to the market?
4. Where is the market located?
5. What can you find at the corner of the market street?
6. How can shoppers come to the market?

********************

## Grade 7

### Unit 3 Lesson 1 : At the clothes shop

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. She wore a beautiful d________ to the birthday party.
2. The smartwatch had a high p_______ so I couldn't buy it.
3. The restaurant provides good service to its c________.
4. The store a________ greeted customers as they entered the shop.
5. My dad loves to b________ with the sellers at the market to get a lower price.
6. The shirt is too small for me. It doesn't f________ on my clothes.
7. We should always keep our c________ clean.
8. The shoe is too t________. It hurts my foot.
9. The currency of Myanmar is K________.
10. She likes to t________ on different hats at the store.

**II. Complete the dialogues with the words or phrases in the boxes.**

| | | |
|---|---|---|
| take | much | welcome |
| for | sell | This |

**Dialogue (1)**

**Customer:** Excuse me, do you _____(1)_____ pens here?

**Shop Assistant:** Yes, we do. What type of pen are you looking _____(2)_____ ?

**Customer:** Just a simple black pen, please.

**Shop Assistant:** Alright. Here you go. _____(3)_____ is a black ballpoint pen. Is that what you had in mind?

**Customer:** Yes, that's perfect. How _____(4)_____ does it cost?

**Shop Assistant:** It's $2.

**Customer:** Great! I'll _____(5)_____ one, please.

**Shop Assistant:** Alright. That will be 500 Kyats, please.

**Customer:** Here you go. Thank you!

**Shop Assistant:** You're _____(6)_____ . Have a nice day!

**III.Supply the correct form of the words given in brackets.**

1. (perfect) The cake was baked _____ and tasted delicious.
2. (fix) The toy in the store had a ______ price. It couldn't be negotiated.
3. (fit) Can you direct me to the ________ room?
4. (assist) I asked the store _______ for help.
5. (buy) The _____ asked the seller about the price of the item.
6. (sell) The _____ helped the customer choose the right size of shoes.
7. (dress) I wake up in the morning and get ______ for school.

**IV. Supply the correct form of the verbs given in brackets.**

1. (just, buy) I _________ a new pen.
2. (like) Do you _______ tea?
3. (wear) He _____ a hat to protect himself from the sun.
4. (bargain) I _____ with the shop owner and got a discount on the item.
5. (not, fit) He tried on the shoes, but they _____ properly.

********************

## Grade 8

### Unit : 3
### Lesson 2: I love knitting

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Taking deep breaths and talking to a friend can help reduce _______.
2. Being a s_________, the young boy has to learn valuable skills building a campfire.
3. Wearing a school u______ helps create a sense of unity and equality among students.
4. The ________ consists of musicians who play different instruments such as violins, cellos, trumpets, and percussion.
5. She is a good v_____________. She plays in our school band.
6. Tai chi is a m_____________ art that brings together coordination, balance and strength.
7. C________ requires preparation, such as packing camping gear, food, and proper clothing.

**II. Supply the correct form of the words given in brackets.**

1. (train) The _______ course taught us basic computer skills, such as how to use a mouse and keyboard.
2. (profession) A ______ is someone who has a job or career and is very skilled at what they do.
3. (knit) My mother is a better ________ than my aunt.
4. (music) A _________ is someone who plays a musical instrument or sings.
5. (compete) Winners of essay ________ are often awarded prizes for their outstanding essays.
6. (response) _________ citizens follow laws and contribute positively to their communities.
7. (strong) Regular exercise and a balanced diet can help improve physical _______ and overall fitness.

**III. Supply the correct form of the verbs given in brackets.**

1. (practise) I ____ playing the guitar every day to improve my skills.
2. (punch) My little brother accidentally _____ me in the arm while we were play fighting.
3. (sing) The little bird _____ a beautiful song every morning.
4. (dance) Let's ________ together to the music playing on.
5. (make) Mother _____________ breakfast for the family now.

**IV. Answer the following questions.**

1. What does Yin Moe do every day after school?
2. What is she fond of?
3. Who encourages Yin Moe to do so?
4. Why does she like knitting?
5. What helps her reduce stress and boost her creativity?
6. What do Yin Moe's friends tell her?
7. What will she be able to do sooner or later?
8. What does Ei Khine do every day after school?
9. How many strings does a violin have?
10. What did Ei Khine's father give as a birthday present?
11. What is used to play the violin?
12. Why does Ei Khine like to play the violin?

********************

## Grade 9

### Unit 3
### Lesson 2 : A popular lake resort

**I. Complete the sentences with the words given below.**

| | | |
|---|---|---|
| migrate | endangered | prohibited |
| adventurous | destination | flock |
| landmark | wildlife | |

1. Lions, tigers, and elephants are some examples of _______ animals.
2. Going on a hike in the mountains can be an _______ experience.
3. Indawgyi Lake in Kachin State is a famous _______ that many people visit.
4. It is _______ to feed the animals at the zoo.
5. Look! There is a ______of birds flying together in the sky.
6. The giant panda is an _______ species that needs protection.
7. The Shwedagon Pagoda in Myanmar is a breathtaking _______ that attracts many visitors every year.
8. Every winter, many birds _______ to warmer regions to find food and escape the cold weather.

**II. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Our class teacher made an a_____ for us to have a field trip to the zoo.
2. Playing with my friends brings me a lot of p_____ and makes me happy.
3. Discovering new animals was a fun and a_______ experience.
4. R_______ usually have swimming pools, restaurants, and activities for guests to enjoy.
5. Our dream d_______ is to visit the Great Wall of China.
6. Soccer is a p_______ sport played by millions of people around the world.
7. We want p_______ but not war.
8. Cooking with my mom was a great e_______. We made delicious cookies together.
9. There is no single month that does not have a f_______ all the year round in Myanmar.
10. The m_______ birds flew long distances to find warmer climates during the winter.
11. The rainbow-colored bird we saw in the forest is very r_______ and hard to find.
12. Swimming in the pool is a refreshing and enjoyable r_______ activity during the summer.
13. Eating in the library is p_______ to keep the books clean.
14. S_______ in the countryside allowed us to enjoy the beautiful landscapes and take pictures of nature.
15. The colorful flowers in the garden are very a_______ and catch our attention.

**III. Supply the correct form of the words given in brackets.**

1. (prohibit) The _______ of using cell phones during class helps students focus on their studies.
2. (adventure) Climbing a tree can be an ___activity for kids.
3. (sightsee) We went _______ in the city and visited famous landmarks.
4. (pleasant) Reading gives knowledge and _________.
5. (excite) Opening birthday presents filled me with _______.
6. (excite) We were all _______ to hear the news about our class trip to the zoo.
7. (excite) The film had an _______ plot.
8. (recreate) Playing at the park is a fun form of _______.
9. (recreate) Going for a bike ride with friends is a _______ activity.
10. (travel) Tourists and _______ from all over the world visit famous landmarks in our country.

**IV. Supply the correct form of the verbs given in brackets.**

1. (designate) The teacher _____ a student to be the class monitor soon.
2. (migrate) The butterflies _____ to a specific location every year to lay their eggs
3. (prohibit) The school rules _____ using mobile phones during class.
4. (join) Can I _____ you in playing football?
5. (protect) We should _____ our environment by not littering and recycling.
6. (offer) My friend _____ to lend me a book from her collection this morning.
7. (enjoy) We ______ going to the movies and watching the latest films.
8. (escape) The butterfly _____ from the net and flew away into the garden.
9. (visit) We _____ the zoo and saw many different animals.
10. (hire) Lin Lin _____ by the restaurant to be a waitress.

**V. Answer the following questions.**

1. What kinds of places do people usually choose to go on holiday?
_____________________________________________.
2. For whom is Indawgyi Lake in Kachin State an ideal adventure holiday destination?
_____________________________________________.
3. How do travellers travel around Indawgyi Lake?
_____________________________________________.
4. What is the distance of Indawgyi Lake from east to west?
_____________________________________________.
5. Why is Indawgyi Lake worth visiting?
_____________________________________________.
6. What is the most famous landmark of Indawgyi Lake?
_____________________________________________.
7. When is the pagoda festival of the Shwe Myitzu Pagoda held?
_____________________________________________.
8. Why do birds migrate to Indawgyi Lake from Siberia?
_____________________________________________.
9. What is rare to see at Indawgyi Lake?
_____________________________________________.
10. What has made Indawgyi Lake more famous all over the world?
_____________________________________________.

********************

## Grade 12

### Unit 3 DIET AND NUTRITION

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

1. The car won the race. It belongs to my friend. (Join the sentences using suitable relative pronoun.)
2. They visited Bagan. They also explored the ancient museum. (Use "not only … but also".)
3. The dog dug up the garden. (Use "It is/ was … who/ that…".)
4. After he had done all his works, he started using his phone. (Join the sentences using participle phrase.)
5. They apologized her many times, but she refused to forgive them for their actions. (Join the sentences, using "No matter how…".)
6. The flight was delayed. There was a bad weather. (Join the sentences, using linking word "because of".)
7. The thieves buried the precious stones under the roots of the bayan tree. (Use "introductory phrase".)
8. She is not an actress. She acted. (Join the sentences, using "as if / as though".)
9. You study hard. You won't pass the exam. (Join the sentences, using appropriate "Subordinating conjunction".)
10. Smartphone plays a very significant role in students' life. It is their best friend. (Use "not only … but also".)

**V.(1) Read the passage. (Seen Passage)**

Diet is the food we consume regularly. Nutrition refers to 'the process by which all living things receive the food necessary for them to grow and be <u>healthy</u>'. Diet and nutrition are the most fundamental of human needs – they are essential for our health, energy and growth. Just as plants obtain nutrients from the soil in which they grow, we get nutrients from the diet we eat. Therefore, we need to have a **<u>nutritious</u>** diet – a mixture of all the nutrients that our body needs to survive. Moreover, diet and nutrition are strongly linked to environmental factors. Thus, it is important to consider not only the relationship between diet and nutrition but also the influence of environmental factors on them.

The nutrients essential for our body can be found in the food we eat. Foods can be classified into different groups: grains, fruits, vegetables, milk products, animal products and beans, and oily foods. These foods carry six kinds of nutrients: carbohydrates, vitamins, minerals, dietary fibre, proteins and lipids. These nutrients play a major role in maintaining good health.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. The food we eat regularly is _______________.
2. All living things need __________ for their growth and health.
3. ___________ are essential for our health, energy and growth.
4. The diet we eat gives __________ to us.
5. Diet and nutrition are the most __________ of our lives.
6. We receive _________ from the food we eat.
7. Plants can get __________ from the soil in which they grow.
8. We must have a ___________ diet to survive.
9. There is influence of _________ on diet and nutrition.
10. We can ________ foods into different groups.
11. There are six __________ that can be found in different kinds of foods.
12. We need to consider that diet and nutrition are _________.

**(B). Answer each question in one sentence. (5 marks)**

1. What is diet?
2. What does 'nutrition' refer to?
3. What are the most fundamental of human needs?
4. Where do plants obtain nutrients?
5. What do we get from the diet we eat?
6. Why do we need to have a nutritious diet?
7. Where can the nutrients essential for our body be found?
8. What is 'a nutritious diet'?
9. Describe the different foods of groups we eat.
10. What are six nutrients described in the passage?

****************

(လာမည့်တစ်ပတ်တွင် အဖြေများကို ဖော်ပြပါမည်။)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပြီးခဲ့တဲ့ဘောလုံးရာသီက ဂိုးသွင်းစံချိန်တင်ခဲ့တဲ့ ဟာလန်း ယခုဘောလုံးရာသီမှာ ဂိုးသွင်းစံချိန် ဆက်ထိန်းနိုင်ဦးမလား



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဆီကို ပြောင်းရွှေ့လာခဲ့တဲ့ နော်ဝေတိုက်စစ်မှူး ဟာလန်းဟာ ပရီမီယာလိဂ်ကို ရောက်ရှိလာခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးရရှိနိုင်ခဲ့တဲ့ မှတ်တမ်းနဲ့အတူ ဂိုးသွင်းအများဆုံးကစားသမားဆိုတဲ့ ဂုဏ်ပုဒ်ကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းကနေ မန်စီးတီးအသင်းဆီကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ပရီမီယာလိဂ်ပွဲစဉ် ၃၅ ပွဲပါဝင်ကစားခဲ့ရာမှာ လိဂ်သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ်မှာ မန်စီးတီးအသင်းအတွက် ၅၃ ပွဲမှာ သွင်းဂိုး ၅၂ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မန်စီးတီးအသင်းကလည်း နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူနိုင်ခဲ့တာကြောင့်လည်း ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို တစ်ရာသီအတွင်း သိမ်းပိုက်နိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွင်းမှာ ပရီမီယာလိဂ်သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့်လည်း ပရီမီယာလိဂ်သမိုင်းကြောင်းတစ်လျှောက်မှာ ဂိုးသွင်းစံချိန်တင်ခဲ့ဖူးတဲ့ အန်ဒီကိုးလ်၊ အလန်ရှီးယား၊ မိုဟာမက်ဆာလာတို့ရဲ့ တစ်ရာသီအတွင်း သွင်းယူနိုင်ခဲ့တဲ့ ဂိုးသွင်းစံချိန်တွေကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။

အန်ဒီကိုးလ်ဟာ ၁၉၉၃-၉၄ ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၃၄ ဂိုးသွင်းယူနိုင်ခဲ့သလို၊ အလန်ရှီးယားကလည်း ၁၉၉၄-၉၅ ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၃၄ ဂိုးသွင်းယူနိုင်ခဲ့ကာ မိုဟာမက်ဆာလာကလည်း ၂၀၁၇-၁၈ ဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၃၂ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် တစ်ရာသီအသွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတွေအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးဟာလန်းဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ပွဲစဉ် ၃၀ အထိ ပါဝင်ကစားထားသူဖြစ်ပြီး သွင်းဂိုး ၃၅ ဂိုး သွင်းယူထားသူဖြစ်ပါတယ်။ ဟာလန်းအနေနဲ့ ကစားသမားဘဝမှာ ကလပ်အသင်းသုံးခုနဲ့အတူ ဖြတ်သန်းခဲ့တာဖြစ်ပြီး ဆဲလ်ဘတ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ပွဲစဉ်ခြောက်ပွဲမှာ ရှစ်ဂိုး၊ ဒေါ့မွန်အသင်းနဲ့အတူ ချန်ပီယံလိဂ်ပွဲစဉ် ၁၃ ပွဲမှာ ၁၅ ဂိုးနဲ့ မန်စီးတီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ပွဲစဉ် ၁၁ ပွဲမှာ ၁၂ ဂိုးအသီးသီး သွင်းယူထားနိုင်ခဲ့တာဖြစ်ပါတယ်။

ဟာလန်းအနေနဲ့ မန်စီးတီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ပွဲစဉ် ၁၁ ပွဲမှာ သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ချန်ပီယံလိဂ်သွင်းဂိုးကိုတော့ လိုက်မမီသေးတာဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွင်းက ချန်ပီယံလိဂ်ပွဲစဉ် ၁၁ ပွဲမှာ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သူဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းနဲ့ ၂၀၂၃ ခုနှစ်ဇွန်လအတွင်းမှာ နော်ဝေနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ရှစ်ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုးကိုးဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် နိုင်ငံအသင်းအပြင် ကလပ်အသင်းတွေနဲ့ပါ စံချိန်တင်သွင်းဂိုးတွေ သွင်းယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီလို စံချိန်တင်သွင်းဂိုးတွေ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းအနေနဲ့ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ ယခင်ကရှိခဲ့ဖူးတဲ့ စံချိန်တွေကို ဆက်လက်ထိန်းထားနိုင်ဦးမလားဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာလည်းဖြစ်ပါတယ်။



## ဘရိုက်တန်ဂိုးသမား ရောဘတ်ဆန်းချက်ဇ်ကို ချယ်လ်ဆီးအသင်းက ပေါင် ၂၅ သန်းဖြင့် ခေါ်ယူ

ချယ်လ်ဆီးအသင်းဟာ ဘရိုက်တန်အသင်းမှ စပိန်ဂိုးသမား ရောဘတ်ဆန်းချက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ဂိုးသမား ရောဘတ်ဆန်းချက်ဇ်ဟာ ချယ်လ်ဆီးအသင်းကို ခုနစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တာလည်း ဖြစ်ပါတယ်။

ဂိုးသမားရောဘတ်ဆန်းချက်ဇ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ဘရိုက်တန်အသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲအထိ ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။ ရောဘတ်ဆန်းချက်ဇ်ဟာ အသက် ၁၅ နှစ်အရွယ်ဖြစ်တဲ့ ၂၀၁၃ ခုနှစ်အတွင်းမှာ စပိန်လာလီဂါကလပ် လီဗန်တေးအသင်းကနေ ဘရိုက်တန်အသင်းဆီကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်းမှာ ပရော်ဖက်ရှင်နယ်ကစားသမားအဖြစ် ပွဲထွက်ကစားခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ဖလာမန်းဂိုးအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဖရန်ကာကို ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။
- အင်တာမီလန်အသင်းဟာ အာဆင်နယ်အသင်းမှ အမေရိကန်တိုက်စစ်မှူး ဖိုလာရင်ဘာလိုဂန်အား စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ အင်္ဂလန်နောက်တန်းကစားသမား ကီလီဝေါ်ကာအား အသင်းမှာ ဆက်ရှိနေရေးအတွက် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ အသက် ၂၂ နှစ်အရွယ်ရှိ အမေရိကန်နောက်တန်းကစားသမား ဆာဂျီနိုဒက်အား ပြောင်းရွှေ့ကြေး ပေါင် ၈ ဒသမ ၆ သန်းဖြင့် ကမ်းလှမ်းလာပါက ရောင်းချသွားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- အဲဗာတန်အသင်း၊ စပါးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ဟာ မန်ယူအသင်းမှ အင်္ဂလန်နောက်တန်းကစားသမား မက်ဂွိုင်းယားကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ပီအက်စ်ဂျီအသင်းဟာ ဘင်ဖီကာအသင်းမှ ပေါ်တူဂီတိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

## ဘရိုက်တန်တောင်ပံကစားသမား မီတိုမာအား ခေါ်ယူရန် မန်စီးတီးအသင်းပြင်ဆင်လျက်ရှိ



မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ လိုက်ပ်ဇစ်အသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ခရိုအေးရှားကြယ်ပွင့် ဂျီဗာဒီယိုးလ်အား ပြောင်းရွှေ့ကြေးပေါင် ၇၇ သန်းနဲ့ ခေါ်ယူခဲ့ပြီးနောက် ဘရိုက်တန်အသင်းမှ ဂျပန်တောင်ပံကစားသမား မီတိုမာအား ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂျပန်တောင်ပံကစားသမား မီတိုမာရဲ့ လက်ရှိဘရိုက်တန်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ နှစ်နှစ်သက်တမ်းကျန်ရှိနေပြီး ဘရိုက်တန်အသင်းရဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ ကမ်းလှမ်းမှုကိုလည်း ရရှိထားသူဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကလည်း တောင်ပံကစားသမား မီတိုမာကို ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိပြီး နည်းပြဂွါဒီယိုလာကတော့ တောင်ပံကစားသမား မာရက်ဇ်ကို ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ နဲ့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် အသင်းရဲ့တောင်ပံတိုက်စစ်အတွက် မီတိုမာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**




■ **ကျောဖုံးမှ**

သားလက်သီး (ရွှေမအူပင်)၊ စောဘီလူး (Power Punch)နှင့် ဝင်းဗိုလ် (ရာဇမိရာဇ်)၊ လောကွားဒူး (တော်ဝင်ရိုးရာ)နှင့် ညီရဲခန့် (YFC) တို့ကလည်းကောင်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

**ယှဉ်ပြိုင်ထိုးသတ်ကြမည်**

ထို့အတူ ၆၇-၇၁ ကီလိုတန်းပြိုင်ပွဲ၌ အာကာဖြိုး (Tiger Gym)နှင့် စောကဲ(YFC)၊ အောင်ကိုမင်း (နဂါးမာန်)နှင့် မိုက်မိုက် (ရွှေမအူပင်)၊ ဇော်သက်နောင် (Knight)နှင့် ကျော်ဇေလတ် (ထွန်းထွန်းမင်း)၊ ဂေါ်ထူးဂေး (ရိုးရာကျား)နှင့် မြတ်သူ (ကျားဘုရင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ပြီး 360 Sports Facebook Page ၊ Youtube Channel နှင့် Channel K ရုပ်သံလိုင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁)၊ လှည်းကူးမြို့**
**တင်ဒါအမှတ်စဉ် - ၂/၂၀၂၃-၂၀၂၄**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လှည်းကူးမြို့၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၌ အသုံးပြုရန် ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း(ဒီဇယ်ဆီ)များ ဝယ်ယူလိုပါသဖြင့် ရောင်းချပေးသွင်း လိုသူများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၈-၂၀၂၃ ရက်မှ ၂၁-၈-၂၀၂၃ ရက်အထိ
၂။ တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/ အချိန် - ၂၂-၈-၂၀၂၃ရက် ညနေ (၁၆:၀၀) နာရီ
၃။ တင်ဒါဖွင့်မည့် ရက်/ အချိန် - ၂၅-၈-၂၀၂၃ရက် နံနက် (၁၀:၀၀) နာရီ
၄။ တင်ဒါပုံစံရယူနိုင်မည့်နေရာ - ငွေစာရင်းဌာနစိတ်၊ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁)၊ လှည်းကူးမြို့။
၅။ တင်ဒါဖွင့်မည့် နေရာ - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။

မှတ်ချက်။ ။ တင်ဒါဖွင့်မည့်နေရာနှင့်အချိန် ပြောင်းလဲမှုရှိပါက ကြိုတင် အကြောင်းကြားပါမည်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လှည်းကူးမြို့ ဖုန်းအမှတ်-၀၉-၇၉၈၇၀၁၂၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၁)၊ လှည်းကူးမြို့**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးလွင် [၁၁/ကဖန(နိုင်)၀၃၃၃၇၃] ကိုင်ဆောင်သူ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၆၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၆၀၄/ခ)ဟုခေါ်တွင်သော မြေရိယာ(အလျား ၂၀'x အနံ ၆၀')ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (၂၆-၂-၁၉၉၁)ရက်စွဲပါ မြေချပါမစ်ဖြင့် ဦးလှဆန်း (ISN-၆၂၄၅၆၄)မှတရားဝင် အမည်ပေါက်အဖြစ် မှတ်သားတည်ရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းသဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု စကားကမ်းလှမ်းလာသူများဖြစ်ကြသည့် (၁)ဦးဇော်မင်းနိုင်[၁၄/ငပတ(နိုင်)၁၄၃၇၈၆]နှင့် (၂) ဒေါ်ငွေးရီ[၁၄/ဘကလ(နိုင်)၁၅၆၆၃၉]ကိုင်ဆောင်သူနှစ်ဦးတို့ထံသို့ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူများထံသို့ စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက် မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးအေးလွင်**
**[၁၁/ကဖန(နိုင်)၀၃၃၃၇၃]**

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၈၈၂)(၂၉-၄-၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တနင်္သာရီတိုင်းဒေသကြီး**
**အိတ်ဖွင့်လေလံခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် လက်အောက်ခံရုံးအသီးသီးရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် (၆)လအတွင်း စာရင်းမှပယ်ဖျက်ပြီးသော ပစ္စည်းအဟောင်း(ဆိုဒ်စုံ)များအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လေလံပုံစံ စတင်ရောင်းချမည့်ရက် - (၇ - ၈ - ၂၀၂၃) ရက်နေ့
(ခ) လေလံပိတ်ရက်/ ပိတ်ချိန် - (၁၄- ၈-၂၀၂၃) ရက်နေ့ (၁၆:၀၀)နာရီ
(ဂ) လေလံဖွင့်ဖောက်မည့် နေ့ရက်/အချိန် - ( ၁၇- ၈-၂၀၂၃) ရက်နေ့ (၁၁:၀၀)နာရီ
(ဃ) လေလံပုံစံရောင်းချမည့်နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့
(င) လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့

**အသေးစိတ်အချက်အလက်များကိုအောက်ပါတို့တွင် စုံစမ်းနိုင်ပါသည်-**
**တနင်္သာရီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**တယ်လီဖုန်းအမှတ် -၀၉-၄၃၀၀၇၈၄၀၊ ၀၉-၂၅၁၀၀၁၆၉၀၊**
**၀၉-၉၇၄၇၈၉၇၈၉၊ ၀၉-၈၈၂၂၄၄၂၉၈**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မဟာဗန္ဓုလ တံတားပတ်လမ်း၊ အိမ်အမှတ်(P ၁၄/၂၃ )တွင် ဖွင့်လှစ်ထားသော SCM Trading Company Limited မှ ဒေါ်နန်းကေဇင်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ပါ SCM အမှတ်တံဆိပ်ပါ Transform Formula Plus 1(1000 CC) & Transform Formula Plus 2(1000 CC)ဘူး နှင့် Transform Soil မြေပြုပြင်မြေဩဇာအား ထိုင်းနိုင်ငံ Successmore Being Public Company မှတစ်ဆင့် မြန်မာနိုင်ငံသို့ SCM Trading Company မှတ်ပုံတင်သွင်းမှုအမှတ်-၆၇၆၄၊ ၆၇၆၅ နှင့် ၇၂၇၃ တို့ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားခဲ့ပြီး Transform Formula Plus 1 (1000 CC) & Transform Formula Plus 2 (1000 CC) ဘူးနှင့် Transform Soil မြေပြုပြင်မြေဩဇာအထုပ်တို့အား မြန်မာနိုင်ငံတစ်ဝန်းတွင် ယနေ့အချိန်ထိ တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရရှိထားသောကုမ္ပဏီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ SCM Trading Company Limited မှ တင်သွင်းဖြန့်ချိသည့်Transform Formula Plus 1 (1000 CC) & Transform Formula Plus 2 (1000 CC)ဘူး နှင့် Transform Soil မြေပြုပြင်မြေဩဇာအထုပ်တို့အား SCM Trading Company Limited ကသာလျှင် မြန်မာပြည်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ SCM Trading Company Limited ၏ ခွင့်ပြုချက်မရဘဲ အထက်ပါပစ္စည်းတစ်မျိုးမျိုးအပေါ်တွင် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချ ခြင်းနှင့် အတုအပများ ပြုလုပ်ရောင်းချခြင်း၊ ကုမ္ပဏီတံဆိပ်ပုံစံတူ ဘူးပုံစံအမျိုးမျိုးဖြင့် Label အမှတ်တံဆိပ်ကပ်ပြုလုပ်ရောင်းချခြင်း၊ ပစ္စည်းများအား FaceBook စာမျက်နှာပေါ်တွင်ဖြစ်စေ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်ဖြစ်စေ ကုမ္ပဏီနှင့် ကုန်ပစ္စည်း၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် တမင်ရည်ရွယ်လျက် မဟုတ်မမှန် ထုတ်ဖော်ပြောဆိုချက်များ၊ တင်ပြချက်များ ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မလွှဲမသွေ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။




**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းနိုင်စိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၀၂၅)**
**အမှတ်(၁၀၉)၊ တတိယထပ်၊ လမ်းမတော်(၁၄)လမ်း၊**
**လမ်းမတော်မြို့နယ်။**

# မိုင်းဆတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီ မိုးရာသီမုတ်သုံဖလား အမျိုးသား(အလွတ်တန်း)ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၆**

၂၀၂၃ ခုနှစ် မိုင်းဆတ်ခရိုင် အားကစားနှင့်ကာယပညာကော်မတီ မိုးရာသီမုတ်သုံဖလား အမျိုးသား(အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခန့်က အောင်ဇေယျအားကစားကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် အေးမင်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် Dominion FC ဘောလုံးအသင်းနှင့် Lion FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ Dominion FC ဘောလုံး အသင်းက ပင်နယ်တီဂိုး ငါးဂိုး – လေးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကြက်ခြေနီအဖွဲ့အား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ပြိုင်ပွဲကြီးကြပ်ဒိုင်အဖွဲ့တို့အား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ တိုးတက်မှုရှိသော လူငယ်ကစားသမားထောက်ပံ့ဆု ချီးမြှင့်ခြင်း၊ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်း ကစားသမားဆု၊ အကောင်းဆုံး အလယ်တန်း ကစားသမားဆုနှင့် အကောင်းဆုံးရှေ့တန်း ကစားသမားဆု တို့ကို ဌာနဆိုင်ရာတာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းဝင်းက ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆု၊ ဦးစိုင်းခတ္တိယက အသန့်ရှင်းဆုံးဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ် အေးမင်းဦးက အနိုင်ရဗိုလ်စွဲသွားသော



Dominion FC ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ အပြင် တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။ ဒုတိယဆုရရှိသည့် Lion FC ဘောလုံးအသင်းအား မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က လည်းကောင်း ၊ တတိယဆုရရှိသည့် Youth Dream FC ဘောလုံးအသင်းအား မိုင်းဆတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးနိုင်လင်းထွန်းတို့က လည်းကောင်း ငွေသားဆုများနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၂၃ ခုနှစ် မိုင်းဆတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီ မိုးရာသီမုတ်သုံဖလား အမျိုးသား (အလွတ်တန်း) ကလပ်ပေါင်းစုံ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြိုင်ပွဲဝင် အသင်း ၁၁ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်းတွင်တည်ရှိသည့် သုဝဏ္ဏ အိမ်ရာ(နှစ်ခန်းတွဲလေးထပ်)၊တိုက်အမှတ် -၇၊အခန်းအမှတ် -၀၀၁၊မြေညီထပ်ဟုခေါ်တွင်သော (၂၄'×၅၆') အကျယ်အဝန်းရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ယခုရောင်းချသူ **ဒေါ်သုဇာသိန်း (၁၂/ကမရ(နိုင်)၀၀၄၄၇၉)မှ** အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက် အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန် အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ — လွှဲအပ်ညွှန်ကြားချက်အရ -

| ဦးစိုင်းထွန်းအေး (စဉ်-၃၉၁၇) B.A, M.A(Philo;), H.G.P, R.L, B.D.S(MOFA), DL-101-WIPO, D.I.L, D.M.L | ဒေါ်အေးအေးအောင် (စဉ်-၄၃၂၂) LL.B | ဦးမျိုးညွန့် (စဉ်-၅၁၄၂) LL.B,D.B.L | ဒေါ်ခင်မာဆွေ (စဉ်-၇၉၉၈) LL.B,LL.M |
|---|---|---|---|

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၄၃၀ ၂၉၆၉၆ ၊ ၀၉ ၄၀၀ ၉၁၉၁၂၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်(၄၀၆)၊ အကျယ် အဝန်း (အလျား၄၀ပေ x အနံ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးအောင်ဖုံဝေလမ်းနှင့်တေဇလမ်းထောင့်၊ အမှတ်(၄၀၆) ဟုခေါ်တွင်သောအိမ်၊ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်ရင် အမည်ဖြင့်အမည်ပေါက်ထားပြီးအမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်(၆၇၉၅/ ၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ထားသူ ၁။ဒေါ်ကေသီခင်၊ ၂။ဒေါ်ရွှေစင်ခင်၊ ၃။ဒေါ်ဝိုင်းမို့မို့ယဉ်၊ ၄။ဦးအောင်ခင်မင်းတို့ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၁၄၉၅၁/၂၀၂၃)အရ လွှဲအပ်ခြင်း ခံရပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းအောင် [၁၂/ လသန(နိုင်)၀၀၁၈၃၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုးငွေ၏စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၁၉၇)၊ ၄-လွှာ(D)ဟု ခေါ်တွင်သော ၈၃၈(စ/ပေ)ရှိ တိုက်ခန်းကို တရားဝင် လက်ရှိပိုင်ဆိုင် ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးမျိုးသန့် [၁၂/ရကန(နိုင်)၀၂၄၅၁၃]၊ ဒေါ်နှင်းနှင်းထွေး [၁၂/ရကန (နိုင်)၀၂၃၅၆၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါ တိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါ သည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားမူရင်းများ နှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သစ်သစ်မြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၈)**
**ရုံး-အမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း(အောက်)၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph-09-5061624**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၁-၈-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ(၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ပေရယ်စိုး၏ "ကန့်ကွက်နိုင်ကြောင်းအများ သိစေရန်ကြေညာခြင်း"ကြော်ငြာတွင် ဦးပိုင်အမှတ်(၃၉/ခ)ဟု ဖော်ပြပါရှိပါသဖြင့် ဦးပိုင်အမှတ်(၃၆/ခ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ်(၇၉)၊(၄၀x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၃) ထပ်ခွဲတိုက် အဆောက်အဦ၏ (၁၅x ၅၅)ပေ ကျယ်ဝန်းသော ဒါဘာ (ခေါင်းရင်း)တိုက်ခန်းနှင့် အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးကျော်မိုးအောင် [၁၄/ဓနဖ(နိုင်)၁၁၃၁၆၉] ထံမှကျွန်ုပ်၏မိတ်ဆွေဒေါ်သဲမုမုဖြိုး [၁၂/ သဃက(နိုင်)၁၆၇၀၂၃] က(၃၀-၇-၂၀၂၃) ရက်နေ့တွင် ဥပဒေနှင့်အညီ အပြီးသတ် ငွေပေးချေ၍ လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေထက်အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၆၇၁)**
**အမှတ်(၁၀၄)၊ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း ၀၉-၇၈၃၉၁၂၅၆၅၊ ၀၉- ၉၈၈၆၅၉၁၉၆**

# အားကစား မြှင့်တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့)မြို့နယ်၊ (၇)ရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ် (၁၀၁၀/က)ဟု ခေါ်တွင်သော အလျား(၁၀)ပေ x အနံ(၆၀)ပေ (ခြေရင်း) အကျယ်ရှိ ဦးသိန်းလွင်အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးချိုလွင် [၈/ရနခ (နိုင်) ၁၀၁၃၄၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့ဝင်း [၁၁/တကန(နိုင်)၀၇၂၀၄၀] က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထက်ပါ အိမ်ခြံမြေနှင့်ပတ်သက်သော ခိုင်လုံသော စာရွက်စာတမ်းများ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အိမ်ခြံမြေ အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ဆုမြတ်မွန် (LL.B, D.B.L, D.I.L) | ဒေါ်သူဇာထွေး (LL.B, WIPO Switzerland) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀) | တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈) |

**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၅၃၁၁၂ ၊ ၀၉-၆၉၄၄၆၈၀၄၁**

## အများသိစေရန် ကြေညာခြင်း

**CONCEPT**
**BEYOND KNOWLEDGE IS THINKING**

ဦးစိုးထက်(ဘ)ဦးစိုးတင့် [၁၂/ဥကမ(နိုင်)၂၀၂၂၉၇] တည်ထောင်ထားသော ConceptX International School (CIS) လုပ်ငန်း အမှတ်တံဆိပ်အမှတ်အသားဖြင့် မူကြိုမှ ၁၂ တန်း အထိ ပညာရေးကို အတန်းလိုက်သော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း Open Course Wares, Online Courses များဖြင့် သင်ကြားပို့ချလျက်ရှိပါသည်။ ထိုသို့သင်ကြားပို့ချလျက်ရှိသော ပညာရေးအတန်းများအတွက် စာအုပ်ထုတ်ဝေခြင်း၊ စာမေးပွဲစစ်ခြင်း၊ ပြိုင်ပွဲများကျင်းပခြင်း အစရှိသော ပညာရေးနှင့်ဆက်သွယ်သက်ဆိုင်သော ဝန်ဆောင်မှုများကို Online Class / Open Course နည်းများဖြင့် ဝန်ဆောင်မှုများကို ရန်ကုန်မြို့တွင် စတည်ထောင်ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင်လည်း စာသင်ကျောင်းများဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ConceptX International School (CIS) Company Logo အမှတ်တံဆိပ်နှင့် အမည်ကို အသုံးပြုပြီး Facebook Group များဖွင့်ခြင်း၊ Facebook Page များဖွင့်ခြင်း၊ ဓာတ်ပုံနှင့် Video များတွင် အသုံးပြုခြင်း စသည့်အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ထားခြင်းများကို ပယ်ဖျက်ပေးပါရန် တောင်းဆိုအပ်ပါသည်။ ထိုသို့ ပယ်ဖျက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေအတိုင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း (သိဒ္ဓိ) L.L.B.,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၇၅/၈-၂-၂၀၀၅)**
**အမှတ်-၁၆၆၊ ဒုတိယထပ်(၃၄)လမ်း၊**
**အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၂၀၁၆၁**
**ConceptX International School**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ကွင်းအမှတ်-၆၆၃-A၊ ဦးပိုင်အမှတ်-၃၂/ဃ၊ မြေအမျိုးအစား R-3၊ အကျယ်အဝန်း ဧရိယာပေ(၅၀x၇၀)၊ မြေကွက်အမှတ်(၆၆၃-A/၃၂)၊ မြေခွန်ပြေစာ ဦးလှကျော်၊ ဒေါ်လှကြည်(လ)အမည်ဖြင့်ထွက်ရှိနေသော မြေ၏ခြေရင်းဘက်ခြမ်း အကျယ်အဝန်း ဧရိယာပေ(၂၀x၇၀) ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့်မြေ ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးလှကြည်[၁၂/သလန(နိုင်) ၀၆၇၅၈၉]၊ ဒေါ်သန်းသန်းအိ[၁၂/သလန(နိုင်) ၀၆၈၅၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိမိသက်[၁၂/ဥကတ(နိုင်)၀၄၉၄၈၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ယင်းမြေကွက်နှင့်နေအိမ်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်+နေအိမ်ရောင်းဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း အထောက်အထားခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အထက်ဖော်ပြပါ(မြေ+နေအိမ်)အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြတ်သီတာ(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၁၂)**
**အမှတ်(၁၇၇)၊ အေးသာယာ၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့နယ်။**
**Ph:09-795989420**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## နေပြည်တော်
## ရက်စွဲ၊ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၇)ရက်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်နှင့်နယ်ရုံးများ) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး နေရာများအတွက် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန | ၂ နေရာ<br>၄၇ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ၊ ကွန်ပျူတာ အခြေခံကျွမ်းကျင်မှု ရှိရမည်။ |
| (ခ) | ဗီဒီယိုကျွမ်းကျင်(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး | ၁ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ဗီဒီယိုဆိုင်ရာကျွမ်းကျင် မှုရှိရမည်။ |
| (ဂ) | ယာဉ်မောင်း(၄)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀<br>ဝန်ကြီးရုံး | ၃ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ယာဉ်မောင်းလိုင်စင်(ဂ) ရှိရမည်။ |
| (ဃ) | ရုံးအကူ/စာပို့<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀<br>ဝန်ကြီးရုံး<br>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန | ၁ နေရာ<br>၈ နေရာ | အခြေခံပညာအထက်တန်း အဆင့်၊<br>ကွန်ပျူတာအခြေခံ ကျွမ်းကျင်မှုရှိရမည်။ |
| (င) | လုပ်သား<br>၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀<br>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန | ၂ နေရာ | အခြေခံပညာမူလတန်း အဆင့်၊ |

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၆-၉-၂၀၂၃)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ [နိုင်ငံ့ဝန်ထမ်း၊ မဟာဘွဲ့/ ပါရဂူဘွဲ့ရသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ် ရမည်။ အငယ်တန်းစာရေးရာထူးအတွက်သာ]
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဦးစားပေးမည်။ (အငယ် တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံးလုပ်သက်(၅)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာပုံစံကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ Website လိပ်စာ http:// tourism.gov.mm/mm/ နေပြည်တော်နှင့် နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြသွားမည်ဖြစ်ပြီး၊ လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့ ဓာတ်ပုံ(၁လက်မx ၁လက်မ) (၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ်(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်(မိတ္တူ) (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့ သည့် ကျောင်းထောက်ခံစာ
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) ထောက်ခံချက်(မူရင်း)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူ
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- (ဇ ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ် သမားမှတ်ပုံတင် ကတ်ပြား(မူရင်း)

၅။ လျှောက်လွှာများကို ဟိုတယ်နှင့်ခရီးသွာလာရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၃) နှင့် မိမိတို့နီးစပ်ရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ (၆-၉-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပေးပို့လျှောက်ထားရမည်။

၆။ သတ်မှတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ် ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၇။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အမှတ်စဉ်(က) ရာထူးအတွက် အင်္ဂလိပ်စာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထွေထွေဗဟုသုတနှင့် IT ဆိုင်ရာ အသုံးပြုနိုင်မှုတို့ကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း၊ အမှတ်စဉ်(ခ) ရာထူးအတွက် လူတွေ့နှင့် ဗီဒီယိုဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ အမှတ်စဉ် (ဂ)ရာထူးအတွက် လူတွေ့နှင့်ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ကျန် အမှတ်စဉ် (ဃ)၊ (င)ရာထူးများအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက် နှင့် နေရာများကို (၁၃-၉-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၏ Website လိပ်စာ http:// tourism.gov.mm/mm/ နေပြည်တော်နှင့်နယ်ရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ဖော်ပြသွားမည်ဖြစ်ပြီး၊ အမှတ်စဉ်(က) ရာထူး အတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးပြုလုပ် မည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဖုန်းအမှတ် ၀၆၇-၃၄၀၆၄၅၇ နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ဖုန်းအမှတ်- ၀၆၇-၃၄၀၆၁၀၁၊ ၀၆၇-၃၄၀၆၀၈၀ သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း

၁။ အောက်ဖော်ပြပါ အမှတ်တံဆိပ်သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကိုယ်တိုင်တီထွင်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၃၁-၁၀-၂၀၁၂)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၁၂၆၅၀) ဖြင့် မှတ်ပုံတင်၍ ဥပဒေနှင့်အညီ တရားဝင် သုံးစွဲလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်-

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း MRESA Myanmar Real Estate Services Association

၂။ ယခုအခါ၌ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)သည် အဆိုပါအမှတ်တံဆိပ်ကို ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ ထပ်မံမှတ်ပုံတင်မည်ဖြစ်သောကြောင့် လိုအပ်သောကိစ္စအရပ်ရပ်ကို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်းကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် (၂-၈-၂၀၂၃)ရက်စွဲပါ အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ဥက္ကဋ္ဌ ဦးခင်မောင်သန်းကို လွှဲအပ်ထားပြီးဖြစ်ပါကြောင်းနှင့် ယခင်က ဒေါ်မို့မို့အောင်ထံသို့ လွှဲအပ်ခဲ့သည့် အဆိုပါ အမှတ်တံဆိပ်နှင့်စပ်လျဉ်းသမျှ တာဝန်အရပ်ရပ်ကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ သို့ဖြစ်၍ အဆိုပါ အမှတ်တံဆိပ်ကို ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လျှောက်ထားဆောင်ရွက်နေစဉ်ကာလအတွင်း မည်သူမဆို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်ကိစ္စတွင်မျှ မည်သည့်နည်းဖြင့်မဆို သုံးစွဲပိုင်ခွင့်မရှိပါကြောင်းနှင့် ဤကြေညာချက်ကို ဆန့်ကျင်၍ ပြုလုပ်သုံးစွဲသည်ကိုတွေ့ရှိပါက တည်ဆဲဥပဒေအရပ်ရပ်နှင့်အညီ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူအသင်းသားများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**တာဝန်ရှိသူများ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၆၄/၂၀၁၉)**
**အမှတ်(၇၀၁)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အသင်းသူအသင်းသားများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများသည် (၉-၇-၂၀၂၃) ရက်နေ့တွင်ကျင်းပခဲ့သော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး (AGM)တွင် အတည်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)ကလည်း (၂၅-၇-၂၀၂၃)ရက်နေ့တွင် တရားဝင်ဆက်လက်အတည်ပြုထားသော အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများဖြစ်ပါသည်။

၂။ ထို့ကြောင့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)၏ ဥက္ကဋ္ဌသည် လက်ရှိဥက္ကဋ္ဌ ဦးခင်မောင်သန်းသာလျှင်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများသည် အသင်းသူ အသင်းသားများအနေဖြင့် ဖောက်ဖျက်၍မရသော၊ လေးစားလိုက်နာရမည့် တရားဝင်အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)သည် အသင်းဝင်(၆)ဦးကို (၂၅-၄-၂၀၂၃)ရက်စွဲပါ ရုံးအမိန့်စာအမှတ်(၁/၂၀၂၃)အရ ၎င်းတို့၏တာဝန်မှ အလိုအလျောက်နုတ်ထွက်ပြီးဖြစ်ကြောင်း ကြေညာခဲ့ခြင်း၊ ဆက်လက်၍ အဆိုပါအသင်းဝင်(၆)ဦးနှင့် နောက်ထပ်အသင်းဝင်(၃)ဦးတို့ကို အသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် မညီသောကြောင့် (၆-၇-၂၀၂၃)ရက်စွဲပါ ရုံးအမိန့်အမှတ် (၄/၂၀၂၃)အရ အသင်းဝင်အဖြစ်မှ နုတ်ပယ်ကြောင်း ကြေညာခဲ့ခြင်းတို့ကို အသင်းသူအသင်းသားများ သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါပုဂ္ဂိုလ်(၉)ဦးတို့သည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့် သက်ဆိုင်ခြင်းမရှိတော့သောကြောင့် ၎င်းတို့ဆောင်ရွက်သမျှသည် မြန်မာနိုင်ငံအိမ်ခြံမြေအသင်း(MRESA)နှင့် သက်ဆိုင်၊ တရားဝင်၊ အတည်ဖြစ်လိမ့်မည်မဟုတ်ကြောင်း အသင်းသူ အသင်းသားများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

၄။ ထို့ကြောင့် မည်သူမဆို မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်း၏ ခွင့်ပြုချက်မရရှိဘဲ၊ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်မညီဘဲ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ရွေးချယ်ပွဲအပါအဝင် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ ခွင့်ပြုချက်မရရှိဘဲပြုလုပ်သည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနှင့်သက်ဆိုင်သော ရွေးချယ်ပွဲမှန်သမျှနှင့် ဆောင်ရွက်ချက်မှန်သမျှကိုလည်း ကန့်ကွက်ကြောင်းကြေညာအပ်ပါသည်။

**တာဝန်ရှိသူများ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဦးသက်ကိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၆၄/၂၀၁၉)**
**အမှတ်(၇၀၁)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

### ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၃၃)ရှိ (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ (၆လွှာ-ဘီ)၊ (၁၆×၆၄)ပေ အကျယ်အဝန်းရှိသော တိုက်ခန်း (၁)ခန်းနှင့် ၎င်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း။

အထက်ဖော်ပြပါ တိုက်ခန်းကို မူလကတရားဝင် ပိုင်ဆိုင်သူများ ဖြစ်ကြသော **၁။ ဦးစိန်ထွန်းဟန် (၁၂/ဒလန(နိုင်)၀၃၂၀၇၇)၊ ၂။ဦးလှိုင်သန်းဦး(၁၂/အစန(နိုင်)၁၂၂၉၁၃)** တို့မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေး ကင်းရှင်းကြောင်း ဝန်ခံပြီး ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေ **ဦးကျော်သူဟန် (၁၂/ကတတ(နိုင်)၀၃၁၀၉၆)**မှ ဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရံငွေအဖြစ် ရောင်းချသူထံသို့ ပေးချေထားပြီး ဖြစ်ပါသည်။ ဤတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်စိုး[LL.B,DBL,WIPO(Switzerland)]**
**အထက်တန်းရှေ့နေ (စဉ်-၄၀၁၄၁)**
**အမှတ်(၂)၊၃လွှာ/ဘီ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း ၀၉-၉၅၄၀၀၉၀၄၆**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ သုနန္ဒာ(၇)လမ်း၊ မြေကွက်အမှတ်(၃၅၁)ဟုခေါ်တွင်သော အလျား(၄၀)ပေx အနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်ကို ဦးတင်ဆွေ၊ ဦးခင်မောင်သန်းနှင့် ဒေါ်ဥတို့မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပူးတွဲအမည်ပေါက်သူ ဦးခင်မောင်သန်းပိုင်ဆိုင်သည့် မြေကွက်၏ အလယ်ပိုင်းဖြစ်သော အလျား(၁၃.၄)ပေxအနံ(၆၀)ပေရှိမြေကွက်အား အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်လွှဲပြောင်းဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်လုံးမစိန်[၆/ပလန(နိုင်)၀၀၀၉၁၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီးဖြစ်သည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းထိုက်စိုး( LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၀၁၁)**
**အမှတ်(၁၀၄၃)၊ ဣန္ဒာ(၉)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၆၈၆၅၊ ၀၉-၇၉၉၃၀၈၀၅၃**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညွန့်သန်း [၁၂/လသယ(နိုင်)၀၀၇၁၀၉] နှင့် ဒေါ်သန်းအေး[၁၂/လသယ(နိုင်)၀၁၇၃၈၉]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏ မိတ်ဆွေများ ပိုင်ဆိုင်သော လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၅၂၃/က)ရှိ ဦးခင်စိန်အမည်ပေါက် မြေချပါမစ်မူရင်းနှင့် အရောင်းအဝယ် စာချုပ်မူရင်းတို့ကို မိသားစုဝင်တစ်ဦးမှ ခိုးယူပြီး အခြားသူတစ်ဦးသို့ ငွေကြေးတစ်စုံတစ်ရာဖြင့် လွှဲပြောင်းပေါင်နှံ၊ ရောင်းချထားကြောင်း စုံစမ်းသိရှိရပါသည်။

ဖော်ပြပါ မြေချပါမစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်း လက်ဝယ်ရှိသူကို နစ်နာမှုတစ်စုံတစ်ရာ မရှိစေရန်အတွက် ကျွန်ုပ်မိတ်ဆွေများမှ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ညှိနှိုင်းဆောင်ရွက်ရန် ဆန္ဒရှိပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်သန်းနှင့် ဒေါ်သန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဌေးမြင့်မောင်** | **ဒေါ်သီရိလှိုင်ဌေး** |
| **3rd Year (Eco), H.G.P** | **LL.B, B.A(Business Law)** |
| **(စဉ်-၁၈၃၀၉)** | **DL-101 (WIPO)** |
| **အထက်တန်းရှေ့နေ** | **(စဉ်-၁၂၆၆၅)** |
| **ဖုန်း-၀၉-၄၃၁၁၈၉၅၈** | **တရားလွှတ်တော်ရှေ့နေ** |
| | **ဖုန်း-၀၉-၂၅၄၀၁၆၀၁၆** |

**ရုံးခန်း-အင်းစိန်ခရိုင်တရားရုံးဝင်းအတွင်း၊ အင်းစိန်မြို့နယ်။**
**အိမ်-အမှတ်(၉၁)၊ မင်းရဲကျော်စွာလမ်းမ၊ (၃/၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ တကောကန်ကျေးရွာနေ (ဘ)ဦးမျိုးနိုင်[၁၂/ခရန(နိုင်) ၀၄၇၈၆၁]၊(အမိ)ဒေါ်မြင့်ကြည်[၁၂/ခရန(နိုင်)၀၄၄၅၃၁]တို့၏ သားဖြစ်သူ မောင်သီဟကျော်လင်း [၁၂/ခရန(နိုင်)၁၂၉၉၇၆]သည် မိဘများ၏ ဆိုဆုံးမခြင်းကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးမျိုးနိုင်[၁၂/ခရန(နိုင်)၀၄၇၈၆၁]**

### အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့၏ NO.1 BRICK MANUFACTURING,TRADING & PLANTATION COMPANY LIMITED အစုရှယ်ယာတန်ဖိုး ( MMK – 6,000,000,000/– ) သတ်မှတ်ထားရာမှ ( MMK – 60,000,000 /– )သို့လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည် ။

**NO.1 BRICK MANUFACTURING,TRADING & PLANTATION COMPANY LIMITED**

### အစုရှယ်ယာလျှော့ချခြင်း

ကျွန်တော်တို့၏ THREE LUCKY STARS COMPANY LIMITED အစုရှယ်ယာတန်ဖိုးအား ( MMK – 200,000,000/– ) သတ်မှတ်ထားရာ မှ (MMK – 10,000,000 /– ) သို့ လျှော့ချလိုက်ပါကြောင်းကြေညာအပ်ပါသည်။

**THREE LUCKY STARS COMPANY LIMITED**

### ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ အမှတ်-၁၃၄ ပေါ်ရှိ (၂) ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက်အဆောက်အဦ၏ (၃-လွှာ/ခြေရင်းခန်း) တိုက်ခန်းနှင့် (မြေညီထပ်/ခေါင်းရင်းခြမ်း) တိုက်ခန်းတို့နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ (အလျား ၂၅ ၁/၂ ပေxအနံ ၅၀ပေ) စီအကျယ်ရှိ တိုက်ခန်း (၂)ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဒေါ်တင်တင်မိုး [၆/ထဝန(နိုင်)၀၉၈၇၉၀)]ထံမှ ကျွန်ုပ်၏အမှုသည် ဦးစိန်မောင် [၁၂/မရက(နိုင်)၁၁၂၃၈၂]က (၂၀၂၀)ခုနှစ်ကတည်းက ကြိုပွိုင့်စနစ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းများဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ (၂)ခန်းတွဲ (၆)ထပ် တိုက်အဆောက်အဦပြီးစီးသည့်အခါတွင် ကျွန်ုပ်အမှုသည်ပိုင်တိုက်ခန်းများအား ကန်ထရိုက်တာဒေါ်တင်တင်မိုးမှ ကျွန်ုပ်အမှုသည်ထံ လက်ရောက်အပ်နှံခြင်းမရှိပါသဖြင့် အဆိုပါ တိုက်ခန်းများအား လက်ရောက်ရရှိရန် ဥပဒေနှင့်အညီ ကျွန်ုပ်အမှုသည်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်အမှုသည်၏ တရားဝင်ခွင့်ပြုချက်မပါဘဲ အဆိုပါတိုက်ခန်းအား ရောင်းချခြင်း ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း လှူဒါန်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည့်ကိစ္စရပ်တစ်စုံတစ်ရာကိုမျှ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ထိုကဲ့သို့ ပြုလုပ်မှုကြောင့် အရှုပ်အရှင်း တစ်စုံတစ်ရာဖြစ်ပေါ်လာပါကလည်း ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၆၇၀၂)**
**အမှတ် – ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း – ၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ အမှတ်(၂၂၆) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅'x ၅၀')ရှိ နှစ် (၆၀)ဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော(၂)ခန်းတွဲ (၆ ထပ်တိုက်) အဆောက်အဦ၏ (၅လွှာ-အေ)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၁'x ၄၆')ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားလျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးအေးသက် [၁၃/ဆဆန(နိုင်)၀၀၂၁၁၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## အများသိစေရန်ကြေညာခြင်း

ဒေါ်သန်းသန်းအေး [၁၂/အစန (နိုင်) ၂၄၅၁၂၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် (၃) လမ်း၊ အမှတ် (၈၆) ရှိ ဘိုးဘွားပိုင်မြေကွက် (၂)ထပ်၊ အုတ်ညှပ်၊ ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဖခင် ဦးဘဟန် (ခ) ဦးအေးမောင်၊ မိခင် ဒေါ်သိန်းတင်တို့မှ အတူပေါင်းသင်းနေထိုင်စဉ် လက်ထပ်ပွားပစ္စည်းဖြစ်ပြီး ဒေါ်သန်းသန်းအေးနှင့် ဒေါ်တင်တင်ရီ (ကွယ်လွန်) ဟူ၍ သမီး (၂) ဦး ထွန်းကားခဲ့ပါသည်။ ဦးဘဟန် (ခ) ဦးအေးမောင်နှင့် ဒေါ်သိန်းတင်တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် (၁၉၈၆) ခုနှစ်တွင် ကွာရှင်းပြတ်စဲခဲ့ပြီး ဒေါ်သိန်းတင်မှာ ဦးဘညွန့်ဆိုသူနှင့် ထပ်မံ လက်ထပ်ပေါင်းသင်းကာ ဦးငြိမ်းအေး၊ ဒေါ်မိုးမိုး၊ ဒေါ်စိုးမိုး၊ ဒေါ်သဲသဲ၊ ဦးငွေအောင်ဟူ၍ သားသမီး(၅) ဦး ထွန်းကားခဲ့ပြီး ဒေါ်သန်းသန်းအေး အပါ အမေတူ၊ အဖေကွဲ မောင်နှမ (၆) ဦးအနေဖြင့် အထက်ပါလိပ်စာမှာ အမွေဆိုင်ပစ္စည်းဖြစ်ပါ၍ ဒေါ်သန်းသန်းအေး၏ သဘောတူညီချက်မရှိဘဲ အရောင်းအဝယ်၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းနှင့် အရှုပ်အရှင်းကိစ္စရပ်များ ဖြစ်ပေါ်လာပါက တရားဝင်မခွဲစိတ်ရသေးသဖြင့် သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D,B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၃၅)**
**အင်းစိန်ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၇၉၅၂၃၄၈၁၊ ၀၉-၄၃၀၅၂၃၈၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၀၄)ရပ်ကွက်၊ မီးဒုံးလမ်း၊ အမှတ်(၁၁၀၃)၊ မြေဧရိယာအကျယ်အဝန်းပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x၆၀)အကျယ်အဝန်းရှိမြေနှင့်မြေတွင် ဆောက်လုပ်ထားသော သစ်သားအိမ် တစ်လုံးအပါအဝင် ၎င်းမြေပေါ်ရှိ သီးပင်စားပင်တို့နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင်ပိုင်ဆိုင်ထားသူ ဦးဝင်းဇော်ထွန်း [၁၂/သကတ(နိုင်)၁၂၃၆၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဟိန်း [၁၂/သဃက(နိုင်)၁၆၂၂၆၂] နှင့်ဒေါ်ခင်သဥ္ဇာ[၁၂/သဃက(နိုင်)၁၆၁၇၂၅]တို့သည်(၆-၈-၂၀၂၃)ရက်နေ့တွင်မြေနှင့်အိမ်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား အသိသက်သေများရှေ့မှောက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေ၊အိမ်တို့နှင့်ပတ်သက်၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားအပြည့်အစုံမူရင်းများယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါ မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေပြီး လက်ရောက်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေထက်အောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၆၇၁)**
**အမှတ်(၁၀၄)၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၃၉၁၂၅၆၄၊ ၀၉-၉၈၈၆၅၉၁၉၆**

## “တိုက်ခန်း(၁)ခန်းနှင့်မြေပိုင်ဆိုင်မှု တစ်ဝက်တိတိ ဝယ်ယူမည်”ဖြစ်ပါ၍ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် “ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ အေးစေတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၅စီဂျီ)၊ မြေကွက်အမှတ်-(၇၁၁) ၊အမှတ်- (၁၅) ဟုခေါ်တွင်သော မြေကွက်၏ မြေပိုင်ဆိုင်မှုတစ်ဝက်တိတိနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်ခွဲတိုက်၏ ပထမထပ် တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော “ဦးစောလှိုင်ဦး [၁၂/ဗဟန(နိုင်)၀၇၆၆၈၄]”ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများ နှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန် အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ဂရန်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

**မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၁၈၀ ၃/၂)၊ မေဓာဝီလမ်း၊ မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်၏ ဦးအုန်းမောင်[၁၂/ဥကမ(နိုင်)၁၁၁၆၇၅] အမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မူရင်းနှင့်စပ်လျဉ်း၍** ဂရန်မူရင်းမှာပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက ဤကြေညာစာပါသည့်နေ့မှစ၍(၁) လအတွင်း(သို့)ဖြစ်နိုင်ပါက ဆောလျင်စွာကျေးဇူးပြု၍ ဆက်သွယ်ပြန်ကြားပေးပါရန်နှင့် ထိုသို့ဆက်သွယ်လာပါက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုက်တန်စွာကျေးဇူးပြုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍သတ်မှတ်ရက်ပြည့်သည့်တိုင်ဆက်သွယ်ပြန်ကြားမည့်သူမရှိပါက သက်ဆိုင်ရာဌာနသို့ ဂရန်ပျောက်ဖြင့် ပြန်လည်လျှောက်ထား၍ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ပါမစ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

